# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (17-11-2011)(ဖ၉၄၆)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

**အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတို့ နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေဆု မြားပစ်မယ် အောင်ငိုမ်း ဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်းမြားပစ် Individual Compound ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ မြားပစ်အားကစားမယ် အောင်ငိုမ်းက ပြိုင်ဘက်ဖိလစ်ပိုင်နိုင်ငံသူကို အနိုင်ယူပြီး မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးလိုက်သည်။ အဆိုပါပြိုင်ပွဲတွင် အောင်ငိုမ်းသည် ဖိလစ်ပိုင်အားကစားမယ်နှင့် သတ်မှတ်မြား ၁၅ ချောင်းပစ်ခတ်ပြီး ၁၃၉ မှတ်စီ အမှတ်တူနေရာမှ အပိုမြားတစ်ချောင်း ထပ်မံပစ်ခတ်ယှဉ်ပြိုင်ရာတွင် ၁၀ မှတ် ၉ မှတ်ဖြင့် **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ❍



**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေဆု ရယူပေးခဲ့သော အောင်ငိုမ်း။**

## ကြေးမုံစာတည်းရှုထောင့် ၁၇-၁၁-၂၀၁၁ [ကြာသပတေးနေ့]

# တာဝန်သိစိတ်နှင့် တာဝန်သိသောအလေ့အကျင့်

မျက်မှောက်အချိန်အခါတွင် ခေတ်သစ် စနစ်သစ် နိုင်ငံသစ်ကို တည်ဆောက်နေပြီ။ နိုင်ငံရေးမျက်နှာစာ၊ စီးပွားရေးမျက်နှာစာတို့တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေပြီ။ တွေးခေါ်မြော်မြင် ဆွေးနွေးကြသည်မှသည် လုပ်ဆောင်စရာများရှိလာလျှင် မတွံ့မဆိုင်း လုပ်ကိုင်နေကြပေပြီ။ တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား မြင်ကွင်းများကို တွေ့မြင်နေရသည်။

ယင်းသို့သော အချိန်အခါတွင် အလုပ်လုပ်နိုင်သော နိုင်ငံသားတစ်ဦးအနေဖြင့် လူ့လောကအတွက် ထိုက်တန်စွာ အလုပ်လုပ်ကိုင်သင့်သည်။ လူသားထုအတွက် မိမိတတ်နိုင်ရာ၊ တတ်ကျွမ်းရာ အတတ်ပညာဖြင့် အကျိုးပြုကြရန် တာဝန်ရှိသည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးပရဟိတ စသည် ကျရာကဏ္ဍက ကိုယ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ကြရပေမည်။

ကမ္ဘာ့နိုင်ငံအများအပြားကိုကြည့်လျှင် နိုင်ငံရေမြေ သဘာဝသယံဇာတကြွယ်ဝမှုအား အတတ်ပညာအားသာမက နိုင်ငံသူ၊ နိုင်ငံသားများ၏ အလုပ်လုပ်ကိုင်နိုင်မှုအားအပေါ် မူတည်၍ ဖွံ့ဖြိုးမှုခြားနားနေသည်ကို တွေ့နိုင်သည်။ မိမိတို့ နိုင်ငံအနေဖြင့် သဘာဝသယံဇာတအားနှင့် ဇာတိမာန်အစဉ်အလာရှိနေပြီးဖြစ်ရာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် တာဝန်သိစိတ် အလေ့အကျင့်ဖြင့် ကြိုးစားအားထုတ်ကြရန်သာ လိုအပ်သည်။

အများအားဖြင့် လူတိုင်းသည် မိမိတာဝန်မည်သို့ရှိသည်ကိုပင် သတိပြုဆင်ခြင်ခြင်း မပြုမိကြ။ မိမိအပေါ်တွင် ကျရောက်နေသော တာဝန်ကိုသိမှသာ တာဝန်ကျေပွန်နိုင်ပေမည်။ မိမိတွင် မည်သည့်တာဝန်ရှိနေသည်ကို မသိသူတစ်ဦးသည် တာဝန်ကိုထမ်းဆောင်မိရေး အလွန်ကွာဝေးပေမည်။ မိမိတန်ရာတန်ဖိုးကို ရယူထားသော အလုပ်တာဝန်တစ်ခုကို ထိုတန်ဖိုးထက် ပို၍ မလုပ်ကိုင်ပေးနိုင်သည့်တိုင် ထိုတန်ဖိုးနှင့်ညီမျှသော လုပ်အားကိုမူ စိုက်ထုတ်လုပ်ကိုင်ပေးရပေမည်။

တာဝန်ဟူသည် မည်သူက ချမှတ်ပေးသည်ဖြစ်စေ မိမိ၏အသိ ခံယူချက်ဖြင့် လက်ခံပြီးသည်နှင့် မိမိ၏တာဝန် ဖြစ်သွားသည်။ အဆိုပါတာဝန်ကျေပွန်မှ မိမိသိက္ခာ သမာဓိ တန်ဖိုးရှိမည်ဖြစ်သည်။ တာဝန်သိစိတ်၊ တာဝန်သိသော အလေ့အကျင့်ရှိသူသည် တာဝန်ပေးအပ်သူက ချမှတ်ပေးပြီးလျှင် သတ်မှတ်ထားသည့်အတိုင်း အလုပ်ပြီးစီးအောင် ကြိုးပမ်းလုပ်ကိုင်ရမည်သာဖြစ်သည်။

တာဝန်သိခြင်းသည် သူတစ်ပါးကို လေးစားသည်ထက် မိမိသိက္ခာ မလျှော့ကျရေး ထိန်းသိမ်းခြင်းဖြစ်သည်။ တာဝန်ကို အလေးမထား၊ ခံစားခွင့်ရပိုင်ခွင့်ကို တွင်တွင်တောင်း၊ အထက်ကိုမြှောက် အောက်ကိုဖိ၊ အကပ်အရပ်အကာအကွယ်ကောင်းကိုရှာ စသည်တို့သည် တာဝန်မဲ့သူတို့၏ လုပ်ရပ်များသာ ဖြစ်သည်။ တာဝန်သိစိတ် ရင့်ကျက်သူတို့ကမူ မိမိတာဝန်အကျေပွန်ဆုံး၊ အကုန်အကျအသက်သာဆုံးဖြင့် တီထွင်ကြံဆ အလုပ်လုပ်ကြသည်။ နိုင်ငံသစ်ထူထောင်နေချိန်တွင် တာဝန်သိစိတ်နှင့် တာဝန်သိသော အလေ့အကျင့်ကောင်းရှိသူ အများအပြားလိုအပ်နေကြောင်း ရှုမြင်ယူဆမိပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ရုရှားသံအမတ်ကြီး တွေ့ဆုံ စွမ်းအင်ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန် ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၆

**မြန်မာ-ရုရှားနှစ်နိုင်ငံကြား စွမ်းအင်ကဏ္ဍအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Dr. Mikhail MGELADZE သည် ယနေ့ ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံ၏ ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များတွင် ရုရှားနိုင်ငံရှိ Gazpron ကုမ္ပဏီအပါအဝင် ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ခြင်း၊ ချက်လုပ်ခြင်း လုပ်ငန်းများတွင် လိုအပ်သည့် စက်ပစ္စည်းများနှင့် နည်းပညာဝန်ဆောင်မှုပေးနိုင်ရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဆိုင်ရာလုပ်ငန်းများတွင် ပြည်ပကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ၊ ကုမ္ပဏီများလိုက်နာနိုင်ရန် စာချုပ်စာတမ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားကာ ရုရှားကုမ္ပဏီများ၏ နည်းပညာအရင်းအနှီးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## တွေ့ဆုံ

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Dr. Mikhail MGELADZE လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၁၁-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၂၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၄၀ ၇။ မွေးမြူသုတ
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁၈)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၇၅)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ (အပိုင်း-၂၂)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၁၀)**

# ပုဂ္ဂလိကပညာရေးကဏ္ဍ၌ အခြေခံပညာအဆင့်မှ တက္ကသိုလ်အဆင့်အထိ အရှိန်အဟုန်ကောင်းများဖြင့် ပို့ချလာ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပညာရေးကဏ္ဍ၌ အခြေခံပညာအဆင့်မှ တက္ကသိုလ်အဆင့်အထိ အရှိန်အဟုန်ကောင်းများဖြင့် စီစဉ်လုပ်ဆောင်လာကြပြီဖြစ်သောကြောင့် အနာဂတ်ကာလတွင် နိုင်ငံ၏ပညာရေးတိုးတက်လာတော့မည်ဖြစ်ကြောင်း နိုင်ငံရပ်ခြား ပညာသင်ကြားမှုများအတွက် ပညာပေးဟောပြောနေသူ ဒေါက်တာနေက ပြောကြားသည်။

နိုဝင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ပြုလုပ်သည့် အကြိမ် (၁၀၀)မြောက်အထူးဟောပြောပွဲ၌ ၎င်းက ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးစုခန့်က ပညာရေးစနစ်တွင် စာမေးပွဲအောင်မြင်ရေးအတွက်ကိုသာ အာရုံပြုပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်း၊ ကျူရှင်၊ Guide တို့ဖြင့် အချိန်ကုန်နေခြင်းကြောင့် တွေးတောကြံဆမှုနှင့် Way of Thinking မရတော့ဘဲ မိမိကိုယ်ကို မိမိယုံကြည်စိတ်နည်းပါးသွားကြောင်း၊ မိမိကိုယ်ကို မိမိဘာဖြစ်ချင်မှန်းမသိတော့ဘဲ ရည်ရွယ်ချက်များ ကွယ်ပျောက်ခဲ့ပြီး ယခုနောက်ပိုင်းတွင် ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ကို ပညာရေးကဏ္ဍတွင် အကောင်အထည်ဖော်ဆောင်ရွက်လာကာ နိုင်ငံတော်အပိုင်းကလည်း အားပေးကူညီလမ်းညွှန်မှုများကြောင့် အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမှာ တိုးတက်လာတော့မည်ဖြစ်ကြောင်း ဒေါက်တာနေက ပြောကြားခဲ့သည်။

ထိုသို့ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အသိပညာပေးလမ်းညွှန်ဟောပြောမှုများကို ၁၉၉၆ ခုနှစ်ကတည်းက စတင်ကျင်းပလာခဲ့ရာ ယခုအခါ အကြိမ် (၁၀၀) အထိ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ထက်ခိုင် (စမ်းချောင်း)**



**မူခင်းကျဆင်းရေးအသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက်မှ ၁၄ ရက်အထိ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့ပေါ် ၂၃ ရပ်ကွက်တို့၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ကျင်းပရာ ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဝင်းက ကျန်စစ်သားရပ်ကွက်တွင် ဟောပြောဆွေးနွေးစဉ်။** (၆၁၁)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၂၀၀ | ၀. ၀၃၂၄၅ |
| တရုတ် (ယွမ်) | ၆. ၃၄၄၆၀ | ၀. ၁၅၇၆၁ |
| အိန္ဒိယ (ရူပီး) | ၅၀. ၇၄၀၀ | ၀. ၀၁၉၇၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၉၀၀ | ၀. ၃၁၇၅၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၃၆၆ | ၀. ၇၇၃၀၀ |
| ဂျပန် (ယန်း) | ၇၆. ၉၂၁၂ | ၀. ၀၁၃၀၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၃. ၆၉ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၄၁၃၇ | ၁. ၃၄၈၈၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၀၄ | ၁. ၅၇၉၆၇ |

*အင်တာနက်။*

# ကနောင်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ကနောင်အသင်း(ရန်ကုန်)က အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပြီး အသင်းသား၊ အသင်းသူများ၏သားသမီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ရာရာ ဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၂၉၂၂၁၃၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ထွန်းကြည် ဖုန်း-၀၉-၅၁၂၁၀၂၅၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်အေး (ငြိမ်း) ဖုန်း-၂၉၈၁၁၈၊ ၀၉-၈၃၀၀၄၆၇နှင့် အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၀၉-၅၁၈၇၇၈၀ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# ဝါဏိဇ္ဇဘွဲ့ရအသင်း ဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ဝါဏိဇ္ဇဘွဲ့ရအသင်း (မြန်မာနိုင်ငံ)မှ ဝါဏိဇ္ဇဘွဲ့ရများနှင့် အများပြည်သူတို့ စီးပွားရေးပညာရပ်နှင့် အခြားလူမှုရေး၊ ပညာရေး၊ စာပေယဉ်ကျေးမှု၊ အထွေထွေ ဗဟုသုတများ တိုးပွားရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပညာရပ်ဆိုင်ရာ Workshop နှင့် ဟောပြောပွဲများသာမက အထွေထွေ ဗဟုသုတရေးရာဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ကျင်းပလျက်ရှိရာ လာမည့် နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ တွင် Excellent Choice (Professional Training Centre) ၏ ပါဝင်ပူးပေါင်းကူညီမှုဖြင့် စာရေးဆရာခင်မောင်ညို(ဘောဂဗေဒ)က "ဈေးကွက်နှင့် အများအကျိုး (Market and General Interest)" ခေါင်းစဉ်ဖြင့် အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း(၅၀)(အောက်ဘလောက်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တွင် ဟောပြောမည်ဖြစ်ရာ အသင်းသားများသာမက ပြင်ပမှ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နားထောင်နိုင်ပြီး သိရှိလိုသည်များကို အသင်းတိုက် ဖုန်း-၂၉၁၆၆၇ နှင့် ပြန်ကြားရေးမှူး ဦးကျော်အောင် ဖုန်း-၀၉-၇၃၁၂၄၂၂၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ရုံးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးသိန်းဆွေနှင့် ဦးဌေးမြင့်၊ ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

**ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)





# ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အမေရိကန်သံရုံးယာယီတာဝန်ခံတို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှ GAVI alliance မှ Ms. Nilgan Aydogan ခေါင်းဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် လည်းကောင်း၊ Myanmar Yutani Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ Mr. Yoshinori Komaru သည် နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston ခေါင်းဆောင်သောအဖွဲ့ **(ဝဲပုံ)**သည် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

Global Aliance on Vaceine & Immunization (GAVI) အဖွဲ့နှင့် တွေ့ဆုံရာတွင် GAVI အဖွဲ့၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေး ထိုးလုပ်ငန်းများ ဆက်လက်၍ ပံ့ပိုးမည့် အစီအစဉ်များ၊ ကျန်းမာရေးစောင့် ရှောက်မှုစနစ် မြှင့်တင်ရေးကိစ္စရပ်များ၊ ပြည်တွင်း၌ ကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပံ့ပိုးမှု အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

Myanmar YUTANI အဖွဲ့နှင့် တွေ့ဆုံရာတွင် ဆေးဘက်ဆိုင်ရာ နည်းပညာတိုးမြှင့်စေရေးအတွက် ပြည်တွင်းပြည်ပ အစည်းအဝေးများသို့ ကျွမ်းကျင်သူများ တက်ရောက်ရန် ပံ့ပိုးပေးမည့် အစီအစဉ်များ၊ ကျောက်ကပ်သန့်စင်ကုသသည့် လုပ်ငန်းများအတွက် ခေတ်မီနည်းပညာများ လေ့လာနိုင်ရေးအတွက် ပံ့ပိုးမည့် အစီအစဉ်များ၊ တိုင်းရင်း ဓာတ်အပ်စိုက်ပညာဖြင့် ဆေးကုသရေး လုပ်ငန်းများတွင် ကူညီပံ့ပိုးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်နိုင်ငံ သံရုံးယာယီ တာဝန်ခံနှင့် တွေ့ဆုံရာတွင် လက်ရှိ တိုးမြှင့်ဆောင်ရွက်နေသော ကျေးလက် ကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၊ မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကိစ္စရပ်များ၊ ကူးစက်ရောဂါနှင့် ကူးစက်တတ်ခြင်း မရှိသော ရောဂါကာကွယ်ကုသခြင်း လုပ်ငန်းများ၊ ဆရာဝန်နှင့် ဆေးဘက် ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအား ဘာသာရပ်အလိုက် ပြည်တွင်းပြည်ပတွင် လေ့ကျင့်သင်တန်းပေးရန် ကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တွင် နိုင်ငံတကာလူမှုရေး အဖွဲ့အစည်း များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စ ရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

# ပထမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးကာကွယ်ရေး အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပထမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် ရောင်းဝယ် ဖောက်ကားမှု တားဆီးကာကွယ်ရေး အစည်းအဝေး (The First Myanmar- Bangladesh Bilateral Meeting on Prevention of Illicit Trafficking in Narcotic Drugs and Psychotropic Substances) ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Khandker Mohammad Ali က နှုတ်ဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေး၊ ဖြစ်မှုကျူးလွန်သူများအား ပူးပေါင်းဖော်ထုတ်ရေး၊ နှစ်နိုင်ငံ သတင်းဖလှယ်ရေးနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်မှု ပူးပေါင်းဖော်ထုတ်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

**ပထမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေး အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)



# နေပြည်တော်တိုင်း(မ်) သတင်းဂျာနယ် အမျိုးသားနေ့တွင် ထွက်ရှိမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့)တွင် အပတ်စဉ်ထုတ် နေပြည်တော်တိုင်း(မ်) သတင်းဂျာနယ် စတင်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျာနယ်တွင် ပြည်တွင်းပြည်ပ နောက်ဆုံးရသတင်းဦး၊ သတင်းထူးများ၊ မြန်မာနိုင်ငံအနှံ့ မြို့နယ်စုံမှ ထူးခြားဖြစ်စဉ်သတင်းစုံ၊ ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသုံးသပ်ချက် ဆောင်းပါးများ၊ နိုင်ငံတကာသတင်းနှင့် ဆောင်းပါး များ၊ နောက်ဆုံးပေါ် သတင်းဆက်သွယ်ရေးနည်းပညာများအကြောင်း၊ သိပ္ပံသုတေသန သတင်းများ၊ မြန်မာနိုင်ငံ၏ မျက်မှောက်ရေးရာသုံးသပ်ချက် အထူးဆောင်းပါး၊ လူငယ် ပညာပေး၊ ကျန်းမာရေးပညာပေး၊ သုတ၊ ရသ၊ စာပေကဏ္ဍ၊ ပြည်တွင်းပြည်ပ အနုပညာဖျော်ဖြေရေး၊ အားကစားသတင်းစုံ၊ ရှင်သန်လှုပ်ရှား လူမှုဘဝများကဏ္ဍ၊ ထင်ရှားကျော်ကြားသူတို့၏ ဘဝအောင်မြင်ရေးစကားလက်ဆောင်၊ တစ်ပတ်တာ အပန်းပြေစရာ လမ်းညွှန်ကဏ္ဍ၊ ဝါရင့်သတင်းစာဆရာ၊ စာရေးဆရာကြီးများ၏ ဆောင်းပါးများ၊ အတွေးအခေါ် ဗဟုသုတ ဉာဏ်ပညာတိုးပွားစရာ ဖတ်စရာ၊ မှတ်စရာ ကဏ္ဍစုံပါရှိမည် ဖြစ်သည်။

နေပြည်တော်တိုင်း(မ်) ဂျာနယ်ကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) အမျိုးသား နေ့တွင် ထုတ်ဝေမည်ဖြစ်ပြီး ဈေးကွက်၌ နိုဝင်ဘာ ၁၈ ရက် (သောကြာနေ့)တွင် ဝယ်ယူဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်တိုင်း(မ်)နှင့် စာမူကိစ္စ၊ ကြော်ငြာကိစ္စများ ဆက်သွယ်လိုပါက အမှတ်(၅၃၀) လေးလွှာ ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၂၃၀ (ယာယီ)သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၁၁-၂၀၁၁ (ကြာသပတေးနေ့)**

**[၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၇)ရက်၊ (အဖိတ်နေ့)]**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၂၅ ၉။ အကပဒေသာ
- ၈း၃၅ ၁၀။ "စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု"
- ၈း၄၀ ၁၁။ **International News**
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ စောင်းပဒေသာတီးကွက်ဆန်းများ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး)(မြန်မာစာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၂၀ ၈။ "အမှန်ထင်နေသောအမှား"
- ၅း၄၀ ၉။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "မျဉ်း"(အပိုင်း-၁)**
- ၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၆)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၁၈)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၈)**
- ၂၁။ အစီအစဉ်ပြီး၏။

**အပျက်မီးရန် စဉ်တွန်းလှန် မြန်ပြည်အေးချမ်းမည်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြင်သစ်သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ဥရောပသမဂ္ဂအလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ သီယရီမာသူနှင့် ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့ အခြေစိုက်ဥရောပသမဂ္ဂဆိုင်ရာ သံတမန်များသည် ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မြန်မာ-ဥရောပသမဂ္ဂတို့အကြား ဆက်ဆံရေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယရဲချုပ်၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)





# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြင်သစ်သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဥရောပသမဂ္ဂ အလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ သီယရီမာသူနှင့် ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့ အခြေစိုက် ဥရောပသမဂ္ဂဆိုင်ရာသံတမန်များသည် ယနေ့ ညနေ ၃ နာရီတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ဝဲပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ် ဖော်ဆောင်အောင်မြင်နေမှုများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် တိုးတက်မှုများ၊ အလုပ်သမားရေးရာ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

# အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များအတွက် အလှူငွေပေးအပ်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၆

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်းဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ရှာဖွေညွှန်းပို့သည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူးနှင့်အဖွဲ့က ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုဖြစ်သည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ရှာဖွေဖော်ထုတ်ကုသပေးခြင်းကို ၂၀၀၂ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ရှာဖွေဖော်ထုတ်ပြီး ၎င်းတို့၏ ဘဝသာယာလှပရေးအတွက် ခွဲစိတ်ကုသရန် ညွှန်းပို့ပေးခြင်းနှင့် လိုအပ်သော ပံ့ပိုးမှုများအား နှစ်စဉ်ဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း၊ ယခုလုပ်ငန်းသည် အလွန်မွန်မြတ်သော လုပ်ငန်းဖြစ်သည်နှင့်အညီ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး၏ အားပေးကူညီပံ့ပိုးမှုနှင့်အတူ မျက်နှာ၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသပေးခဲ့ပြီး စေတနာရှင်များကလည်း ခွဲစိတ်ကုသရန် လိုအပ်သည့် ထောက်ပံ့ငွေကြေးများ စိတ်စေတနာထက်သန်စွာ ဝိုင်းဝန်းလှူဒါန်းခဲ့ကြခြင်းအတွက်လည်း ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေကျပ်သိန်း ၃၀ နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်နှင့် အလှူရှင် ၂၆ ဦးတို့က အလှူငွေ စုစုပေါင်းငွေကျပ် ၂၈၀ ဒသမ ၆ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် နာယကအဖွဲ့ဝင် ဒေါ်ခင်အေးနွယ်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမိုးသူဇာနှင့် ခွဲစိတ်ကုသရာတွင် ပါဝင်ခဲ့ကြသော ဆရာဝန်ကြီးများနှင့် သူနာပြုများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမျက်နှာ၊မေးရိုးနှင့် ခံတွင်းခွဲစိတ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမိုးသူဇာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသဆောင်သို့ ရောက်ရှိကာ တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် ခွဲစိတ်ကုသမှုခံယူမည့် ဦးနှောက်ကြီး၊ ဦးခေါင်းကြီး ဝေဒနာရှင်အား သွားရောက်ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လာအိုနိုင်ငံ၌ ရေလွှမ်းမိုးမှုများကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ လတ်တလောဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် လာအိုနိုင်ငံ ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရသို့ အလှူငွေပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ရေဘေးသင့် လာအိုပြည်သူများအတွက် စာနာထောက်ထားကြောင်း ပြောကြားပြီး အလှူငွေ အမေရိကန်ဒေါ်လာ ငါးသောင်းကို လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath SAYARATH ထံ ပေးအပ်ရာ သံအမတ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ပြင်သစ်သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဥရောပသမဂ္ဂအလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ သီယရီမာသူ ခေါင်းဆောင်သော ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့ အခြေစိုက် ဥရောပသမဂ္ဂဆိုင်ရာ သံတမန်များသည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)** (သတင်းစဉ်)



# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် (၁၂၂)လမ်း တိုက်အမှတ် (၄၂)၌ ယနေ့ညနေ ၃ နာရီ မိနစ် ၅၀ က ယာယီသွယ်တန်းထားသော ဝါယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားစဉ် အိမ်ရှင် မရှိကြောင်းသိရှိရပြီး မီးသတ်ဦးစီးဌာနမှ အုပ်ချုပ်မှုယာဉ် လေးစီး၊ မီးသတ်ယာဉ် ၂၁ စီး၊ အထောက်အကူပြုယာဉ် လေးစီးဖြင့် သန္နမီးသတ် ၁၅၀ နှင့် အရန်မီးသတ် ၄၇ ဦးတို့က ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။**(ယာပုံ)**

မီးလောင်မှုကြောင့် အနည်းငယ်ပျက်စီးကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(ရီရီမြင့်-သတင်းစဉ်)



# အထက ပေါင်းတလည် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ပြည် နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတလည် အထက ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း နဝဒေးခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဦးဝင်းဆွေ (ရန်ကုန်)ဖုန်း-၀၉-၅၀၁၆၀၉၅၊ ဦးစိုးဝင်း (ဗိုလ်-ပဲကြော်၊ ပြည်) ဖုန်း-၀၉-၅၃၁၀၁၄၇၊ ဦးထင်လင်းသူ (နတ်တလင်း) ဖုန်း-၀၉-၅၃၆၃၆၃၆၊ ဦးတင်ထွန်း ဖုန်း-၀၅၃-၄၉၀၀၅၊ ဦးကျော်စိန်လင်း ဖုန်း-၀၅၃-၄၉၂၁၃၊ ဦးရဲမြင့်ဇော် ဖုန်း-၀၅၃-၄၉၁၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ (သတင်းစဉ်)

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ မသုံးရ

☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တို့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ကြိုတင် ထွက်ခွာသွားပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် ပြင်သစ်သံအမတ်ကြီးနှင့်အဖွဲ့တို့ သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston သည် ယနေ့ နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ ဥရောပသမဂ္ဂ အလှည့်ကျ မြန်မာ နိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး မစ္စတာသီယရီမာသူနှင့် ဗန်ကောက် အခြေစိုက် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဖြစ်သော ပိုလန်၊ ဂျာမနီ၊ ဖင်လန်၊ အီတလီ၊ ဒိန်းမတ်၊ ဆွီဒင်၊ ချက်ပြည်သူ့ သမ္မတနှင့် ဘယ်လ်ဂျီယန်နိုင်ငံတို့မှ သံအမတ်ကြီးများသည် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်နေမှုအခြေအနေများနှင့် တိုင်းရင်းသားအဖွဲ့အစည်း များနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေမှုကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြပြီး ဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လာရောက်တွေ့ဆုံ**

**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေကြည်မြို့နယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက် လက်တွေ့ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

**ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ရေကြည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ ကျင်းပသည့် ရောဝတီ တိုင်းဒေသကြီးကိုယ်စားပြု စပါးရိတ်သိမ်းခြွေလှေ့စက် လက်တွေ့ကိုင်တွယ် အသုံးပြုနည်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်(၁၄) ချက်အနက် အလေအလွင့်နည်းစေရန် မောင်းညိုချိန်တွင် တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းရမည့် အချက်ပါရှိရသကဲ့သို့ သော့ချက်ကြီး(၅)ချက်တွင်လည်း လေလွင့် ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရန်နှင့် စပါးရိတ်သိမ်းခြွေလှေ့စက်ကို ကျွမ်းကျင်စွာ အသုံးပြုတတ်ရန်ပါဝင်ကြောင်း၊ ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းသည် အရေးကြီးသဖြင့် စပါးရိတ်သိမ်းခြွေလှေ့ စက်ကို လက်တွေ့ကိုင်တွယ် အသုံးပြုနည်း သင်တန်းပေးရခြင်းဖြစ်ကြောင်း၊ စက်များ ကို အသုံးပြုခြင်းဖြင့် တိုတောင်းသည့် အချိန်ကာလအတွင်း ဆောင်းသီးနှံကို အချိန်မီစိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း၊ ရိတ်သိမ်းခြွေလှေ့စက်များကို စုပေါင်း ဝယ်ယူခြင်း၊ လယ်ယာကုန်ထုတ် အသင်းမှဝယ်ယူခြင်း၊ ဦးဆောင်ကုမ္ပဏီ များမှ ဝယ်ယူခြင်း၊ တိုင်းဒေသကြီးအတွင်း ရှိ မြို့နယ်များမှ စုပေါင်းဝယ်ယူခြင်းဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရမည်ဖြစ်ကြောင်းဖြင့် မှာကြား သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဟင်္သာတမြို့ ဦးပါရဲ ဘုရားအနီး မြစ်ကမ်းတစ်လျှောက် မြေဖို့ ထားသည့်နေရာများ အက်ကြောင်း ဖြစ်ပေါ်မှုနှင့် ကမ်းပြိုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကမ်းပါးပြန်လည် ထိန်းသိမ်းပြုပြင်ရန် မှာကြားကာ တိုင်း ဒေသကြီးအစိုးရအဖွဲ့က ဦးပါရဲဘုရား ဘက်စုံပြန်လည်ပြုပြင်ရေးအတွက် အလှူ ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်း သည်။

ထို့နောက် ဟင်္သာတမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်းနှင့် ပွဲရုံတန်းနှင့် ဟင်္သာတမြို့အဝင် လယ်တော်ဂုံး၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းသားလေးပေ နှိမ့်ချခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော်အား

# ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏသိမ်လိုဏ်ဂူတော်အတွင်း ဝင်ရောက်ဖူးမြော် ကြည်ညိုရာတွင် လိုက်နာဆောင်ရွက်ရန်များ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏသိမ်လိုဏ်ဂူတော်အတွင်း ယာယီ သီတင်းသုံးစံပယ်အပူဇော်ခံစဉ် လာရောက်ဖူးမြော်ကြည်ညိုကြမည့် ရဟန်း ရှင်လူပြည်သူများအား အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်-

(၁) အမျိုးသားယဉ်ကျေးမှုနှင့် မသင့်လျော်သည့် ဝတ်စားဆင်ယင်မှုများဖြင့် ဝင်ရောက်ဖူးမြော်ခွင့်မပြု။

(၂) ဗုဒ္ဓမြတ်စွယ်တော်အား ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခွင့် လုံးဝ(လုံးဝ) ခွင့်မပြု။

(၃) လိုဏ်ဂူအတွင်း ဝင်ရောက်ရာတွင် ဘုရားပန်း၊ တယ်လီဖုန်း၊ ကင်မရာ၊ MP3/MP4 စသော လျှပ်စစ်ပစ္စည်းမျိုးစုံ၊ ပိုက်ဆံအိတ်၊ ရေဘူး၊ ထီး၊ ဖိနပ်၊ ဦးထုပ်၊ စာအုပ်၊ လက်ဆွဲအိတ်များ နှင့် အခြားပစ္စည်းများ (ဓာတ်ပုံရိုက်ကူးနိုင်သော မျက်မှန်၊ နာရီ၊ ဘောလ်ပင် အစရှိသည့်ပစ္စည်းများ) အား ယူဆောင်ခွင့်မပြု။

(၄) လုံခြုံရေးဆပ်ကော်မတီမှ သတ်မှတ်ထားသော ဝင်လမ်း၊ ထွက်လမ်းများအတိုင်းသာ ဝင်ရောက်ဖူးမြော်ရမည်။

(၅) သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၏ စနစ်တကျ စစ်ဆေးမှုကို ခံယူလျက် အသင့်ရိုက်ကူးလျက်ရှိသော CCTV ကင်မရာ လမ်းကြောင်းများအတိုင်းသာ ဝင်၊ ထွက်သွားလာရန်ဖြစ်ပြီး အခြားနေရာ၊ လမ်းကြောင်းများမှ ဝင်ရောက်ဖူးမြော်ခွင့်မပြု။

(၆) စိစစ်ရေးဂိတ်အမှတ်(၆) (ကျောက်မျက်ဂိတ်)မှသာ ဝင်၊ ထွက်မှု ပြုရန် သတ်မှတ်ထားပြီး မော်တော်ယာဉ်များအား လုံးဝ (လုံးဝ) ဝင်ခွင့်ပြုမည်မဟုတ်ဘဲ စိစစ်ရေးဂိတ်အမှတ်(၆)မှ လမ်းလျှောက် ဝင်ရောက်ဖူးမြော်ရမည်။

(၇) သက်ကြီးရွယ်အိုများနှင့် လမ်းမလျှောက်နိုင်သူများအတွက် ကျောက်မျက်ဂိတ်မှ လိုဏ်ဂူဝအထိ ကုသိုလ်ဖြစ် မော်တော်ယာဉ် များ စီမံထားသည်။

(၈) ဗုဒ္ဓမြတ်စွယ်တော်အားရည်စူး၍ လှူဒါန်းမည့် အလှူငွေပစ္စည်း၊ လက်ဝတ်ရတနာများ လက်ခံရန်အတွက် မဟာပါသာဏသိမ် လိုဏ်ဂူတော်အနီးရှိ ဝိဇယမင်္ဂလာမွေ့သဘင်တွင် အလှူခံဌာန ဖွင့်လှစ်ထားရှိမည်။

(၉) ဗုဒ္ဓမြတ်စွယ်တော်အား ကြွတော်မူကြွခဲ ဖူးမြော်ခွင့်ရသည့် အချိန်အခါတွင် စည်းကမ်းစနစ်တကျရှိစွာ ဖူးမြော်ကြည်ညို ကြခြင်းအားဖြင့် ကုသိုလ်ယူကြပါရန်။

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**



**ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ဟင်္သာတမြို့ ဦးပါရဲဘုရားအနီး မြစ်ကမ်း၌ ကမ်းပြိုသည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ငါးပေါင်းမှုန့် တရုတ်သို့တင်ပို့ရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံမှ ငါးပေါင်းမှုန့် (Fish Meal) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ပြောကြားသည်။

မြန်မာနိုင်ငံရှိ ငါးပေါင်းမှုန့် စက်ရုံများကို တရုတ်မှ အရည်အသွေး စစ်ဆေးရေး အဖွဲ့က အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ လာရောက်စစ်ဆေးခဲ့ ကြောင်း ငါးပေါင်းမှုန့်ကို အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်၌ ၁၅ မိနစ်ပေါင်းရန်လိုပြီး ငါးပေါင်းမှုန့်၌ ကျွဲ၊ နွား အရိုးမှုန့်များမပါရှိရေး၊ ကုန်ကြမ်းဖြစ်သော ပင်လယ်မှ ဖမ်းဆီး ရမိသည့် ငါးသေး၊ ငါးမွှားများထဲ၌ သစ်တို သစ်စ၊ အမှိုက်နှင့် ပလတ်စတစ်များ မပါရှိရေး အထူးဂရုပြုရန်လိုကြောင်း၊ ကုန်ချော တင်ပို့ရာတွင်လည်း ကုန်ပစ္စည်း ထုတ်လုပ်ရက်၊ သက်တမ်းကုန်ဆုံးရက်တို့ ဖော်ပြရန်လိုကြောင်း ရှင်းပြသည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်ပြုပြင်စက်ရုံရှစ်ရုံကို အီးယူက ၂၀၀၉ ခုနှစ် အောက်တို ဘာလတွင် လာရောက်စစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့် ညီညွတ်သဖြင့် ငါး၊ ပုစွန်များအား အီးယူသို့ တင်ပို့ခွင့်ရရှိခဲ့ကြောင်း သိရသည်။ **(ညွန့်သန်း)**


## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

* လူငယ်ဘဝသည် ပူပင်၊ ကြောင့်ကြမှုကင်းသဖြင့် စိတ်လက် ပေါ့ပါးစွာ ပျော်ပျော်ရွှင်ရွှင်နေနိုင်သည်။
* အနာဂတ်အိပ်မက်များကို သာယာလှပစွာ ဖန်တီး ဖော်ဆောင်နိုင်သည်။
* မိမိ၏ တန်ဖိုးရှိလှသော လူငယ်ဘဝကို မပျက်စီး၊ မဆုံးရှုံး စေရအောင် မူးယစ်ဆေးဝါးကို လုံးဝ ရှောင်ကြဉ်ပါ။ ဆေးလိပ်လုံးဝ စမ်းမသောက်ပါနှင့်။
* မူးယစ်ဆေးဝါးသားကောင်များ၏ ဘဝပျက်စီးရပုံကို ရုပ်ရှင်၊ ဗီဒီယိုများ၊ စာအုပ်၊ စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများတွင် သင်ခန်းစာယူပြီး လူငယ်အချင်းချင်း အသိပညာမျှဝေပေးပါ။
* ဝိသမလောဘသားများ၏ ဖြားယောင်းသွေးဆောင်မှုများကို နားမယောင်ပါနှင့်။ မယုံကြည်ပါနှင့်။
* စာပေလေ့လာခြင်း၊ ကစားခုန်စားပြုလုပ်ခြင်း စသည်ဖြင့် မိမိ၏ အားလပ်ချိန်ကို အကျိုးရှိရှိ အသုံးချပါ။
* မူးယစ်ဆေးစွဲသူလူငယ်များ၊ သူငယ်ချင်းများနှင့် လုံးဝ မပေါင်းသင်းပါနှင့်။
* လမ်းမှားရောက်နေသူ လူငယ်များ၊ သူငယ်ချင်းများ၏ မိဘ၊ ဆရာ၊ ပတ်ဝန်းကျင်ကို အသိပေးတိုင်ပင်၍ လမ်းမှန် ရောက်အောင် ဝိုင်းဝန်းတည့်မတ်ကူညီပေးပါ။

**ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့**

**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**




**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အထူးအထွက်တိုးနေကြာ သိပ္ပံနည်းကျ စိုက်နည်း (GAP)စနစ်ဖြင့် လက်တွေ့စိုက်ပျိုးပြသခြင်းကို နိုဝင်ဘာ ၁၅ ရက်တွင် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအုပ်စုရှိ တောင်သူ ဦးအောင်ဆန်းဦး၏ နေကြာ ၁၀ ဧက စိုက်ခင်း၌ ဆောင်ရွက်ရာ တစ်ဧကလျှင် ရေဆင်း (၁) အထူးအထွက်တိုး နေကြာမျိုးစေ့ သုံးကီလိုနှုန်း အသုံးပြု၍ လက်တွေ့စိုက်ပျိုးပြသစဉ်။** (သတင်းစဉ်)

**ကျောဖုံးမှ**

**အဆိုပါဥပဒေနှင့် လုပ်ထုံးလုပ်နည်းများမှာ အချိန်ကာလတစ်ခုအတွက် ပြည့်စုံမှန်ကန်မှုရှိခဲ့သော်လည်း ယခုအစိုးရသစ်လက်ထက်တွင်လျှပ်စစ်သုံးစွဲမှုများ၊ သုံးစွဲသည့် ခေတ်မီတိုးတက်သော လျှပ်စစ်ပစ္စည်းများ၊ ဖြန့်ဖြူးပုံနည်းစနစ်များစသည်တို့မှာ မတူကွဲပြား တိုးတက်လာသည့်အလျောက် လျှပ်စစ်ဥပဒေ(၁၉၈၄)ကို ပြင်ဆင်ရန် မလွဲမသွေ ဆောင်ရွက်ရမည့်ကိစ္စတစ်ရပ်ဖြစ်လာပါကြောင်း၊ ယင်းဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်သည့်အဖွဲ့မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအောက်ရှိ လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန (Electrical Inspector- EI)ပင် ဖြစ်ပါကြောင်း။**

လျှပ်စစ်စစ်ဆေးရေးသည် ထုတ်လုပ်ဖြန့်ဖြူးသူ၏အကျိုးနှင့် ဓာတ်အားသုံးစွဲသူတို့၏ အခွင့်အရေးများ နစ်နာမှုမရှိရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကြားခံအဖွဲ့အစည်း တစ်ခုအနေဖြင့်စစ်ဆေးခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်တွင် ထုတ်ကုန်ဖြန့်ဖြူးသူများနှင့် မသက်ဆိုင်သည့်ဝန်ကြီးဌာနများ၏ ကွပ်ကဲမှုအောက်တွင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယနေ့လျှပ်စစ်ဥပဒေတွင် ပြဋ္ဌာန်းမှုများရှိသော်လည်း လိုက်နာမှုမရှိသည့်အတွက် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများကလည်း ဥပဒေကိုလေးစားလိုက်နာပြီး လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကိုခံယူသင့်ပါကြောင်း၊ ဥပဒေအား လေးစားလိုက်နာရေးအတွက် လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း။

**လျှပ်စစ်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေသော အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် ပြင်ဆင်ဖြည့်စွက်ရန် ဥပဒေကြမ်းရေးဆွဲပြီးစီးနေပြီဖြစ်ကြောင်း ကြားသိရသည့်အတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)နှင့်အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (၃)ခု ပူးပေါင်း၍ ယနေ့ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ထားသော လျှပ်စစ်ဥပဒေပေါ်ပေါက်ရေးအတွက် အမြန်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း၊ မူလဥပဒေပြုစုပြဋ္ဌာန်းခဲ့သော အမှတ်(၁) စက်မှုဝန်ကြီးဌာနအပြင် ပြည်သူ့လွှတ်တော်ကလည်း ပြင်ဆင်ဖြည့်စွက်သည့် လျှပ်စစ်ဥပဒေနှင့် အခြားတင်ပြထားသော ဥပဒေများပေါ်ပေါက်ရေးအတွက် လိုအပ်ပါက ကော်မတီ(၁)ရပ် ထပ်မံဖွဲ့စည်းကာ ကြီးကြပ်ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။**

ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက ယခုအခါ ကျေးလက်မီးလင်းရေး၊ ဆင်းရဲမှုလျှော့ချရေးစီမံချက်ဖြင့် ထားဝယ်ခရိုင်အတွင်းရှိ နယ်စွန်နယ်ဖျားရွာများအား မီးပေးနိုင်ရေးအတွက်(၅၀၀)ကီလိုဝပ်ခန့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော အသေးစား ရေအားလျှပ်စစ်များ တည်ဆောက်ပေးနိုင်ရန်ကြိုးစားနေပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများက အသေးစားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအား လုပ်ကိုင်ခွင့်ပေးခဲ့သော်လည်း သီးခြားဥပဒေများပြဋ္ဌာန်း ထားခြင်းမရှိသည့်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများက မည်သို့ခွင့်ပြုမိန့်ထုတ်ပေးရမည်ကိုမသိရှိသေးသဖြင့် လုပ်ကိုင်ခွင့်မရရှိသေးပါကြောင်း။

**သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်များ ချထားပေးရေးအတွက် MIC LAW တစ်ခုတည်းဖြင့် ခွင့်ပြုရုံဖြင့်မလုံလောက်ဘဲ သီးခြားပြီးပြည့်စုံသော လျှပ်စစ်ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အမှတ်(၁)နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲ၍ လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပေးသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။**

**ယင်းအဆိုနှင့်စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍ ဖြစ်သော လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဆောလျင်စွာ ဖြည့်ဆည်းပေးနိုင်စေရန် အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်း(၃)ခုကို နိုင်ငံတော်က အဓိကတာဝန်ယူပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာန ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း။**

ယခင်က မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများအတွက် ၁၉၁၀ ခုနှစ် Electricity Act ကို ပြဋ္ဌာန်းကျင့်သုံးခဲ့ရာမှ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်လိုအပ်သဖြင့် ၁၉၄၈ ခုနှစ် လျှပ်စစ်ဓာတ်အားပေးရေးအက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ လျှပ်စစ် စစ်ဆေးရေးဌာနသည် ၁၉၇၄ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် ထိုကာလနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် လျှပ်စစ်ဥပဒေတစ်ခုပြင်ဆင်ရေးဆွဲဆောင်ရွက်ခဲ့ရာ ၁၉၈၄ ခုနှစ်တွင် ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၇)ဖြင့် "လျှပ်စစ်ဥပဒေ"ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်ကို သိရပါကြောင်း၊ တစ်ဆက်တည်း၌ပင် ၁၉၈၅ ခုနှစ်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် အိန္ဒိယနိုင်ငံ လျှပ်စစ်ဆိုင်ရာလုပ်ထုံးလုပ်နည်း (၁၉၃၇ ခုနှစ်) ကို အခြေခံပြီး "လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ" ကိုလည်း ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့သည်ကိုသိရပါကြောင်း။

၁၉၉၀ ပြည့်နှစ်တွင် စွမ်းအင်ဝန်ကြီးဌာန၏တင်ပြမှုဖြင့် လျှပ်စစ်ဥပဒေပုဒ်မ ၃၀နှင့် ၃၁ ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၃/၉၀)ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးနယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အားလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ဖွဲ့စည်းရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း။

၁၉၈၄ ခုနှစ် မြန်မာနိုင်ငံ လျှပ်စစ်ဥပဒေရေးဆွဲပြဋ္ဌာန်းသောကာလဖြစ်သည့် ၁၉၈၄-၁၉၈၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ဓာတ်အားစနစ်အတွင်း၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၁)ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(၆)ရုံ၊ ပင်မဓာတ်အားခွဲရုံ(၁၉)ရုံ၊ မဟာဓာတ်အားလိုင်း (၁၁၉၃ ဒသမ ၈၁) မိုင်သာ ရှိခဲ့ပါကြောင်း၊ သို့သော် ယနေ့မြန်မာနိုင်ငံ၏ဓာတ်အားစနစ်အတွင်း၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပေါင်း (၁၇)ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ(၁၀)ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံ(၁)ရုံနှင့် ပင်မဓာတ်အားခွဲရုံပေါင်း(၁၅၄)ရုံ၊ မဟာဓာတ်အားလိုင်း (၅၇၅၆ ဒသမ ၅၁)ရှိသည့်အတွက် အဆပေါင်းများစွာ ကွာခြားသွားခဲ့ပြီဖြစ်ပါကြောင်း။

**ယင်းအခြေအနေများကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် လျှပ်စစ်နှင့်သက်ဆိုင်သောကိစ္စရပ်များကို သီးခြားဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများမရှိစဉ် အချိန်က အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ လျှပ်စစ်စစ်ဆေးရေးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများသည် ယခုအချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနကတာဝန်ယူ၍ စစ်ဆေးဆောင်ရွက်ပါက ပိုမိုသင့်လျော်ကောင်းမွန်မည်ဖြစ်သဖြင့် အဆိုပါကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်က "အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တာဝန်ပေးရန်" ဟု လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံးက လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်လျော်ညီစွာပြည့်စုံစွာပါရှိရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဦးဆောင်တာဝန်ယူဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားရန်လည်း ထပ်မံအကြောင်းကြားခဲ့သည့်အတွက် ဝန်ကြီးဌာန(၃)ခု ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ကြပါကြောင်း။**

ယခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ခေတ်နှင့်လိုက်လျောညီထွေ မရှိတော့သည့် ဥပဒေများအားပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ရေးဆွဲခြင်းများကို လိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားရယူဆောင်ရွက်ရန် ညွှန်ကြားခဲ့သည့်အတွက် မူလက ၁၉၈၄ခုနှစ် လျှပ်စစ်ဥပဒေကိုတာဝန်ယူရေးဆွဲခဲ့သော အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဦးဆောင်၍ ဩဂုတ် ၉ ရက်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် အမှတ် (၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ အပြင် ပြင်ပအဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် လျှပ်စစ်ပညာရှင်များတို့လည်း တက်ရောက်ခဲ့ကြပါကြောင်း။

**၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေပါ ပြဋ္ဌာန်းချက်တွင် "နိုင်ငံတော်တစ်ဝန်းလုံးတွင် လျှပ်စစ်ဓာတ်အားကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် လည်းကောင်း၊ ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်စေရမည်"ဟုဖော်ပြထားပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်စစ်ဆေးရေးဌာနအနေဖြင့် ယင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ သို့သော်လည်း ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းထိန်းသိမ်းခြင်း၊ ဓာတ်အားထုတ်လုပ်မှုနှင့်သုံးစွဲမှုတို့ အချိန်တိုင်းညီမျှနေအောင် ဓာတ်အားစနစ်ကို ကိုင်တွယ်ကွပ်ကဲရခြင်း၊ တိုးတက်လာသော ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန်ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားပို့လွှတ်မှု၊ ဓာတ်အားဖြန့်ဖြူးမှု တိုးချဲ့ရေးအနာဂတ်စီမံကိန်းများအတွက် ဓာတ်အားစနစ်စီမံချက်ရေးဆွဲခြင်း စသည့်အဓိကလုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်များ ပါဝင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း။**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအောက်ရှိ အပိုဒ်(၄)စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ အပိုဒ်ခွဲ(က) တွင်"ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်း နှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး" ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များက ဆောင်ရွက်ခွင့်ရှိမည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတွင်လည်း လျှပ်စစ်ဥပဒေနှင့် လိုက်လျောညီထွေ ဆောင်ရွက်သွားနိုင်ရေး ပြဋ္ဌာန်းရေးဆွဲရန် လိုအပ်လျက်ရှိပါကြောင်း။



မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

**ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးနှင့် ပတ်သက်၍ လက်ရှိဥပဒေတွင် ပါဝင်ခြင်းမရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးအတွက် ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ရေး နှင့်ပတ်သက်ပြီး ယခင်က ဖြေကြားပြောကြားပြီးလည်း ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်အတွင်း လျှပ်စစ်ကဏ္ဍရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကတိုင်းရင်းသား လုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားများကိုလည်း ပါဝင်ခွင့်ပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဖြစ်သည့် ရွှေလီ(၁)၊ တာပိန်(၁) စက်ရုံများက လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံပြည်တွင်းသုံး သာမက တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့လည်း ပို့လွှတ်ရောင်းချနေသဖြင့် ပြည်တွင်းပြည်ပဓာတ်အား ရောင်းဝယ်မှုအတွက် ရှင်းလင်းသော ဥပဒေပြဋ္ဌာန်းချက်များရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မကြာခင်ပြီးစီးတော့မည့် သောက်ရေခပ်(၂)၊ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံများကိုလည်း တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိရာ ယင်းစက်ရုံများကဓာတ်အားကို ဓာတ်အားစနစ်မှ ဝယ်ယူသည့်အပိုင်း၊ သုံးစွဲသူကို တိုက်ရိုက်ရောင်းချသည့် အပိုင်းများအတွက်လည်း သင့်လျော်သော ဥပဒေများရှိရမည်ဖြစ်ပါကြောင်း။**

လျှပ်စစ်ဓာတ်အားကို ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးနှင့်သုံးစွဲလိုကြသော ဓာတ်အားသုံးစွဲသူများ၏ လိုအပ်ချက်နှင့် ဓာတ်အားစနစ်ကပေးနိုင်သော လျှပ်စစ်ဓာတ်အား အမျိုးအစား(ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီး)များ လိုက်လျောညီထွေ ဖြစ်ရန်လည်း အဓိကကျသည့်အတွက် ဓာတ်အားသုံးစွဲသူများသည်လည်း အရေးကြီးသည့် ကဏ္ဍတစ်ခု ဖြစ်နေပါကြောင်း။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်း၊ ဓာတ်အားစနစ် ထိန်းသိမ်းကွပ်ကဲခြင်း၊ လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်း၊ ဓာတ်အားစနစ်စီမံချက်ရေးဆွဲခြင်း လုပ်ငန်းများတွင် အကျုံးဝင်သော ဝန်ကြီးဌာနများအားလုံး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး၊ ဓာတ်အားသုံးစွဲကြသူများအားလုံးနှင့်သက်ဆိုင်သည့် လျှပ်စစ်ဥပဒေသစ်ပြဋ္ဌာန်းရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စတင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးကြည်သာ၏အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက စတင်ဆောင်ရွက်နေပြီဖြစ်ရာ ယင်းအဆိုကိုမှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်၍ လွှတ်တော်ကလိုအပ်သောကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုဆုံးဖြတ်သည်။

**ဥပဒေကြမ်း (၁)ခုအား ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခြင်းကဏ္ဍ**၌ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းဆွေးနွေး၍ အတည်ပြုပေးပို့ထားသော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးစိုးစိုးက တင်သွင်းသည်။

ထိုသို့ တင်သွင်းရာတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းကိုလေ့လာစိစစ်ခဲ့ရာ အခန်းပေါင်း (၁၀)ခန်း၊ အပိုဒ်(၃၄)ခုပါရှိပြီး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အချက်(၁၅) ချက်ဖြင့် ပြင်ဆင်အတည်ပြုခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများစိစစ်ရမည့်အချက်(၁၂)ချက်အပေါ်မူတည်၍ တွေ့ရှိသည့်အချက်များ၊ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များ အပေါ်တွင် အခြေခံလျက် လေ့လာစိစစ်တွေ့ရှိချက်တို့ကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄နှင့်အညီ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ အခန်း(၁)၊ အပိုဒ် ၂ (ခ)တွင် မူလပြဋ္ဌာန်းချက်သည် "ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုလိုသည်"ဟုဖြစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ "ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်" ဟူ၍ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်သည် ပိုမိုပြည့်စုံသည်ကို တွေ့ရှိရပါကြောင်း။

အခန်း(၁)၊ အပိုဒ် ၂ (စ)တွင် မူလပြဋ္ဌာန်းချက်သည် "မြေရိုင်းဆိုသည်မှာ သစ်တော၊ ဝါးတော သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကိုဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်သည့် စားကျက်မြေ၊ အင်းအိုင်မြေနှင့် ကြိုးဝိုင်းသစ်တောမြေများလည်း ပါဝင်သည်"ဟုဖြစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ"မြေရိုင်းဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီး ဦးဝင်းထွန်း ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့်တောရိုင်းမြေများကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများလုပ်ကိုင်ရန် အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တော မြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်းပါဝင်သည်"ဟူ၍ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် ပိုမိုပြည့်စုံသည်ကိုတွေ့ရှိရပါကြောင်း။

**အခန်း(၁)၊ အပိုဒ် ၂(ဇ)တွင် မူလပြဋ္ဌာန်းချက်သည်"မြေခွန် ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့်၊ အသုံးပြုသည့် လုပ်ငန်းအလိုက် နိုင်ငံတော်သို့ပေးဆောင်ရန် ဤဥပဒေအရသတ်မှတ်သော မြေခွန်ငွေကိုဆိုသည်"ဟုဖြစ်ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ "မြေခွန်ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့်၊ အသုံးပြုသည့်လုပ်ငန်းအလိုက် နိုင်ငံတော်သို့ပေးဆောင်ရန် ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများနှင့် အညီ သတ်မှတ်သောမြေခွန်ငွေကိုဆိုသည်"ဟူ၍ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်သည် ပိုမိုပြည့်စုံသည်ကို တွေ့ရှိရပါကြောင်း။**

အခန်း(၂)၊ အပိုဒ် ၃တွင်"နိုင်ငံတော်သမ္မတသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်သွယ်လျက်ရှိသောလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်"ဟုဖြစ်ပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်မှာ "အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး(လယ်ယာ)<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး(ဆည်မြောင်း)<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၅) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်" ဟူ၍ ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်သည် ပိုမိုပြည့်စုံသည်ကိုတွေ့ရှိရပါကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

※ စာမျက်နှာ ၆ မှ

အခန်း(၃)၊ အပိုဒ် ၆ (ဂ)တွင် မူလပြဋ္ဌာန်းချက်သည် "ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်" ဟုဖြစ်ပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်မှာ "(ဂ) ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်းနိုင်ရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သက်ဆိုင်ရာအခြားဝန်ကြီးဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။ (ဃ) နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သောအကြံဉာဏ်များကို ပြည်ထောင်စုအစိုးရသို့ တင်ပြရမည်"ဟူ၍ ဖြည့်စွက်ထားရာ မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

**အခန်း(၄)၊ အပိုဒ် ၁၀ (က)တွင် မူလပြဋ္ဌာန်းချက်သည် "ပုဒ်မခွဲငယ်(၄)၌ ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၁၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းကို အဆင့်ဆင့်စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ "ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် ၁၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသအဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်" ဟူ၍ဖြစ်ရာ ကျေးလက်ဒေသတောင်သူလယ်သမားများအတွက် ခွင့်ပြုမြေဧရိယာအား ဧက (၅၀) သတ်မှတ်သင့်ကြောင်း စိစစ်တွေ့ရှိရသဖြင့်"ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် (၅၀) ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသ အဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်"ဟု ပြဋ္ဌာန်းသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။**

အခန်း(၄)၊ အပိုဒ် ၁၀ တွင် မူလပြဋ္ဌာန်းချက်၌ ပုဒ်မခွဲငယ်(က) နှင့် (ခ)အဖြစ်သာပါရှိပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်တွင် ပုဒ်မခွဲငယ်(ဂ) နှင့် (ဃ)ကို ဖြည့်စွက်ထားပါကြောင်း၊ ထို့ကြောင့် "(ဂ) ခက်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။ (ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။"ဟူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် အချက်အလက်ပိုမိုပြည့်စုံစေသည်ကို တွေ့ရှိရပါကြောင်း။

အခန်း(၄)၊ အပိုဒ် ၁၁ တွင် မူလပြဋ္ဌာန်းချက်၌ ပုဒ်မခွဲငယ်(က) (ခ)နှင့် (ဂ) အဖြစ်သာပါရှိပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်တွင် ပုဒ်မခွဲငယ်(ဃ) နှင့်(င)ကို ဖြည့်စွက်ထားပါကြောင်း၊ ထို့ကြောင့် "(ဃ)ခက်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။ (င) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းခွင့်ပြုနိုင်သည်"ဟူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် အချက်အလက် ပိုမိုပြည့်စုံစေသည်ကို တွေ့ရှိရပါကြောင်း။

**အခန်း(၆)၊ အပိုဒ် ၁၆(ခ)တွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ "လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ (၃)နှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်"ဟူ၍ဖြစ်ရာ ကာလအပိုင်းအခြားကို တိတိကျကျသတ်မှတ်လိုက်ခြင်းကြောင့် လုပ်ပိုင်ခွင့်ရသူများအတွက် နစ်နာနိုင်သဖြင့် နည်းဥပဒေရေးဆွဲဆောင်ရွက်ခြင်းဖြင့်သာ သင့်လျော်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မူလပြဋ္ဌာန်းချက်ဖြစ်သော"သတ်မှတ်ထားသောကာလအတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းသင့်ပါကြောင်း။**

အခန်း(၆)၊ အပိုဒ် ၁၆(င)တွင် မူလပြဋ္ဌာန်းချက်သည်"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်"ဟူ၍ ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ"မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီကသတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်"ဟု ပြင်ဆင်ထားပါကြောင်း၊ "သတ်မှတ်ထားသော"စကားရပ်အစား "အခါအားလျော်စွာ သတ်မှတ်သော"ဟူသည့် မူလပြဋ္ဌာန်းချက်ပါစကားရပ်သည် အဓိပ္ပာယ်လေးနက်ပြည့်စုံပြီး ကြီးကြပ်ခွင့်ပြုဆောင်ရွက်ရမည့် ဗဟိုကော်မတီအနေဖြင့်လည်း အခါအားလျော်စွာ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ကြီးကြပ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် မူလပြဋ္ဌာန်းချက်အတိုင်းထားရှိသင့်သည်ကို သုံးသပ်ရရှိပါကြောင်း။

**အခန်း(၇)၊ အပိုဒ် ၁၇ တွင် "ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းများကို လိုက်နာနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအထောက်အကူပြုအဖွဲ့များနှင့် သီးခြားအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်။"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ "ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းများကို လိုက်နာနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့်သီးခြားအဖွဲ့များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်။"ဟု ပြင်ဆင်ထားရာ အမျိုးသားလွှတ်တော်က ပြင်ဆင်သည့်"လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များ"သည် ပိုမိုသင့်လျော်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။**

အခန်း(၇)၊ အပိုဒ် ၁၈ တွင်"ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ၊ မရှိကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သောအထူးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။" ဟူသော ပြင်ဆင်ချက်၊ အပိုဒ် ၁၉ တွင် "ဗဟိုကော်မတီသည် အောက်ပါ အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအနက်မှ လိုအပ်မည့်အနည်းဆုံး မြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်။"ဟူသော ပြင်ဆင်ချက်၊ အပိုဒ် ၂၂(ဂ) တွင် "မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြု နိုင်ခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို နိုင်ငံတော်ကပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။"ဟူသော ပြင်ဆင်ချက်တို့သည် မူလပြဋ္ဌာန်းချက်ထက် ပြည့်စုံပါသဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အခန်း(၈) အပိုဒ် ၂၅(ခ)တွင်"ဗဟိုကော်မတီသည်(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများပေါ်ပေါက်ကြောင်းတွေ့ရှိလျှင် ဥပဒေနှင့်အညီ အကာအကွယ်ရရှိရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်။ (ခ) မြေလွတ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချပေးထားသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လက်ရှိ လက်ငုတ်လုပ်ကိုင်နေသော ဒေသခံလုပ်ငန်းရှင်ငယ်များရှိပါက ယင်းတို့အားလည်း နစ်နာမှု မရှိစေရန် ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရမည်။"ဟူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ်တွင် "ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရမည်။" ဟူသောစကားရပ်အစား "ဒေသပေါက်ဈေးနှုန်းနှင့် လိုက်လျောညီထွေဖြစ်သည့်လျော်ကြေးငွေကို သတ်မှတ်ပေးရမည်" ဟု ပြင်ဆင်သင့်ပါကြောင်း။

**အခန်း(၁၀)၊ အပိုဒ် ၃၀ တွင် မူလပြဋ္ဌာန်းချက်သည်"ပုဒ်မ ၂၇၊ ၂၈နှင့် ၂၉တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်"ဟုဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်မှာ"အခန်း(၉)ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်"ဟူ၍ဖြစ်ရာ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။**

သို့ဖြစ်၍ အမျိုးသားလွှတ်တော်က ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီး ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်သို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကိုထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး နိုဝင်ဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားပြီးပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။

**ကော်မရှင်၏အမည်ပြင်ဆင်ချက်၊ ကော်မရှင်၏အမည်၊ အဖွဲ့ဝင်ဦးရေ၊ အတွင်းရေးမှူး၏ အမည်စာရင်းကို တင်ပြခြင်းကဏ္ဍ**၌ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဩဂုတ် ၂၈ ရက်တွင် ဖွဲ့စည်းခဲ့သော **တည်ဆဲဥပဒေများအား စိစစ်သုံးသပ်ရေးကော်မရှင်**ကို **ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ၊ ဆန်းစစ်၊ သုံးသပ်ရေးကော်မရှင်**အဖြစ် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းရန် လျာထားကြောင်း၊ ကော်မရှင်ကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် အဖွဲ့ဝင်များ၏အမည်စာရင်းမှာ ဥက္ကဋ္ဌအဖြစ် ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေနှင့် မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်၊ အဖွဲ့ဝင်များအဖြစ် သံအမတ်ကြီး(ငြိမ်း)ဦးလင်းမြိုင်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ် ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)ဦးမြသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးသန်းထွန်း၊ ပါမောက္ခ(အငြိမ်းစား) ဒေါက်တာအောင်ထွန်းသက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဥပဒေချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီး အောင်ခင်သိန်း၊ ပါမောက္ခ ဒေါက်တာတင်မေထွန်း၊ ပါမောက္ခ ဒေါက်တာ သီတာဦး၊ တရားရုံးချုပ် ညွှန်ကြားရေးမှူး (ငြိမ်း)ဦးတင်ဝင်း၊ တိုင်းဒေသကြီးဥပဒေအရာရှိ(ငြိမ်း) ဦးခင်မောင်ဦး၊ တရားလွှတ်တော်ရှေ့နေ ဦးမြင့်လွင်၊ တရားလွှတ်တော်ရှေ့နေ ဦးသန်းမောင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ဒေါ်သန်းသန်းရီတို့ဖြစ်ကြောင်း၊ အတွင်းရေးမှူး အမည်စာရင်းအတွက် သီးခြားသတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားပြီး ကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်း တို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြသည်။

**ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ-**

(၁) ကော်မရှင်သည်-

(က) တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်းနိုင်ရေးတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြရမည်။

(ခ) အထူးကိစ္စရပ်များပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့အစီရင်ခံတင်ပြရမည်။

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်။

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကဏ္ဍအလိုက် သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ်များအတွက် ကော်မရှင်အတွင်း တာဝန်ခွဲဝေသတ်မှတ်ဆောင်ရွက်ရမည်။

(င) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ ကော်မရှင်အနေဖြင့် အကြံဉာဏ်ပေးရမည်။

(၂) ကော်မရှင်သည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍မေးမြန်းဆွေးနွေးနိုင်သည်။

(၃) ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်ရှိသည်။

(၄) ကော်မရှင်အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မရှင်တွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မရှင်အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မရှင်ကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သောအစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ်တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

(၅) ကော်မရှင်အစည်းအဝေးများကို လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်နိုင်ပြီး အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်ဟူ၍ ဖြစ်သည်။

**ကော်မရှင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ-**

(၁) ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မရှင်အစည်းအဝေး တက်ရောက်ရန်ဖြစ်စေ ကော်မရှင်ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ ကော်မရှင်တာဝန်အရ ခရီးသွားရာ၌လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(၂) ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည် ဟူ၍ ဖြစ်သည်။

ဤကော်မရှင်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်ပြီး သက်တမ်းအနေဖြင့် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ အများဆုံးတစ်နှစ်သတ်မှတ်ကြောင်း သိရှိရသည်။

**ယနေ့ ကော်မရှင်ပြင်ဆင်ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းပြောကြားရာတွင် ကော်မရှင်၏အမည်ပါအတိုင်း ပြီးခဲ့သည့်(၅)လခန့်မှစ၍ လေ့လာဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ထူးခြားသည့်ကိစ္စရပ်များဖြစ်သည့် ဥပဒေရေးရာကိစ္စရပ်များ၊ နိုင်ငံရေး၊ နိုင်ငံတကာရေးရာ ကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို အခါအားလျော်စွာ တွေ့ရှိလာနိုင်ပါကြောင်း၊ ဥပဒေပိုင်းနှင့် ပတ်သက်၍ တရားရေးဌာနတွင်တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်အဆင့်ဆင့်သောရုံးများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ရှေ့နေရှေ့ရပ်များ၊ ဥပဒေပညာရပ်များသင်ကြားပို့ချနေသော ဆရာကြီး၊ ဆရာမကြီးများပြည့်စုံစွာပါဝင်နိုင်ရေးအတွက် ရွေးချယ်တာဝန်ပေးထားပါကြောင်း၊ ထို့အတူ နိုင်ငံရေး၊ နိုင်ငံတကာရေးနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်ရန် နိုင်ငံရေးအတွေ့အကြုံနှင့် နိုင်ငံတကာဆက်ဆံရေးအတွေ့အကြုံရှိကြသည့် သံအမတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များပါဝင်ပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ စီးပွားရေးအတွေ့အကြုံ ရှိသောပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားပါကြောင်း။**

ထို့ကြောင့် ပြည်သူ့လွှတ်တော် **ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ၊ ဆန်းစစ်၊ သုံးသပ်ရေးကော်မရှင်**အနေဖြင့် အခါအားလျော်စွာပေါ်ပေါက်လာသော အထူးကိစ္စရပ်များကိုလေ့လာ၊ ဆန်းစစ်၊ သုံးသပ်သည့်အခါ ကော်မရှင်ဖွဲ့စည်းမှုပြည့်စုံမှုရှိသည့်အတွက် လွှတ်တော်၏အား များစွာရရှိလာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ယနေ့လွှတ်တော်တွင် နိုင်ငံတော်၏အကျိုးစီးပွား၊ အများပြည်သူတို့၏ အကျိုးစီးပွားတို့ကို အဓိကထားဖော်ဆောင်ပေးလျက်ရှိရာ ယခုဖွဲ့စည်းလိုက်သည့် ကော်မရှင်အဖွဲ့ဝင်များ၏ ပညာရပ်၊ အတွေ့အကြုံနှင့်စေတနာများဖြင့် လွှတ်တော်တွင်သာမကဘဲ နိုင်ငံ့အကျိုး၊ အများအကျိုးကို ဆောင်ရွက်နိုင်မည်ဟု ယူဆသည့်အတွက် ယခုကဲ့သို့ ရွေးချယ်တာဝန်ပေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဖြင့်ပြောကြားသည်။

ကော်မရှင်တွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များနှင့်အတွင်းရေးမှူး၏ အမည်စာရင်း၊ ကော်မရှင်၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းကဏ္ဍ**၌ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ၏ တာဝန်သည်အဓိကအားဖြင့် ဥပဒေပြုခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်၌ ဥပဒေပြုခြင်းဆောင်ရွက်ရာတွင် စတင်ရေးဆွဲသော ဥပဒေကြမ်းများတင်သွင်းဆွေးနွေးအတည်ပြုခြင်းနှင့် တည်ဆဲဥပဒေများကိုပြုပြင်သုံးသပ်ခြင်းတို့အား ဆောင်ရွက်ရပါကြောင်း၊ ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် အမှားအယွင်းနည်းစွာဆောင်ရွက်နိုင်ရေး အချိန်ယူသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက်ဆွေးနွေးပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူ ဆောင်ရွက်သည်။

အပိုဒ် ၂ အပိုဒ်ခွဲ(င)နှင့် စပ်လျဉ်း၍ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက ပြင်ဆင်ချက် အဆိုတင်သွင်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မူလအဓိပ္ပာယ်ပြောင်းလဲမှုမရှိသဖြင့် အထူးမှတ်ချက်ပြုရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၂ အပိုဒ်ခွဲ(စ)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးက မလိုလားအပ်သော ရှုပ်ထွေးမှုများပေါ်ပေါက်လာနိုင်သည့်အတွက် ဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း ထားသင့်ပါကြောင်းဖြင့် ပြင်ဆင်ချက်အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဆိုကို ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၂ အပိုဒ်ခွဲ(တ)နှင့် စပ်လျဉ်း၍ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက အမျိုးသားလွှတ်တော်၏အတည်ပြုချက်ပါ အကြောင်းအရာသည် ထပ်မံဖြည့်စွက်ရန်မလိုသည့်အတွက် ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်း ထားသင့်ပါကြောင်းဖြင့် ပြင်ဆင်ချက်အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘောတူပါကြောင်းဖြင့်တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၃ အပိုဒ်ခွဲ(ခ)အောက်တွင် အပိုဒ်ခွဲအသစ်ဖြည့်စွက်ရန်နှင့်စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်က အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဖြည့်စွက်တင်ပြချက်သည် အင်မတန် ကောင်းမွန်သော်လည်း နည်းဥပဒေ၌ ထည့်သွင်းပါကပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနကရေးဆွဲသည့် နည်းဥပဒေတွင် ထည့်သွင်းရန် လွှတ်တော်ကတိုက်တွန်းကြောင်းကို ကန့်ကွက်သူမရှိသဖြင့် လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

အပိုဒ် ၃ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်က ပြင်ဆင်ချက်အဆို တင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လက်သင့်ခံနိုင်ပါကြောင်းဖြင့်တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၄ အပိုဒ်ခွဲ(က)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးခင်မောင်ရွှေက ပြင်ဆင်ချက်အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လုပ်ငန်းသဘောအရ ဆက်စပ်မှုရှိသည့်အတွက် ငြင်းဆိုရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

ယင်းအပိုဒ်ခွဲကိုပင် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်ကပြင်ဆင်ချက် အဆိုတင်သွင်းရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ကော်မတီသည်လက်ရှိအစိုးရကို ကိုယ်စားပြုဖွဲ့စည်းထားခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ထည့်သွင်းရန် လိုအပ်သည်ဆိုပါက လက်ခံနိုင်ပါကြောင်း၊ ပိုမိုပြည့်စုံလုံလောက်မှု ရှိသည့်အတွက် ကန့်ကွက်ရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

အဆိုပါပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေက နည်းဥပဒေ၌ ထည့်သွင်းနိုင်ပါကြောင်းဖြင့်တင်ပြရာ မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာတို့က ထောက်ခံဆွေးနွေးကြသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုဖြစ်ထွန်းစေနိုင်ပြီး ဥပဒေကြမ်းတွင် မပါရှိသေးသည့် အခန်း၊ အပိုဒ်များကို ထည့်သွင်းရန်လိုအပ်ကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ညှိနှိုင်းပြီး လိုအပ်မည့်အပိုဒ်များကို ထည့်သွင်းနိုင်ရန် ဆန္ဒရှိပါကြောင်း၊ ဥပဒေကြမ်းတွင် ပါဝင်သင့်သည့် အပိုဒ်များကို ထည့်သွင်းရေးဆွဲတင်ပြနိုင်သည့်အခွင့်အလမ်းများလည်းရှိပါကြောင်း၊ ပြင်ဆင်ချက်အဆိုများကို နိုဝင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ပေးပို့ကြရန်ဖြစ်ကြောင်း၊ ဆွေးနွေးမည့်ရက်ကို သီးခြားထပ်မံသတ်မှတ်ပေးမည်ဖြစ်ကြောင်းနှင့် ထပ်မံဆွေးနွေးသည့်အခါ လိုအပ်ချက်များ ဖြည့်စွက်ဆောင်ရွက်ရန် လွှတ်တော်သို့တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင်ရပ်နားပြီး အစည်းအဝေး(၄၉)ရက်မြောက်နေ့ကို သတ်မှတ်ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စနစ်တကျ လုပ်ဆောင်အကောင်အထည်ဖော်သွားရန်လိုကြောင်း၊ အချိတ်အဆက်မရှိသည့် ဟိုတစ်ပိုင်းဒီတစ်ပိုင်း စီမံကိန်းများလုပ်ပါက အကျိုးရှိမည်မဟုတ်ကြောင်း၊ ငွေအမြောက်အမြားကုန်ပြီး အကျိုးယုတ်နိုင်ကြောင်း၊ စနစ်ကျသည့်နည်းလမ်း၊ မှန်ကန်သည့် စီမံကိန်းကြီးများချမှတ်ပြီး လုပ်ရန်လိုအပ်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက **ဧရာဝတီအထက်ပိုင်း မည်သည့်နေရာ၌ မည်ကဲ့သို့ပုံစံဖြင့် တမံကြီးများတည်ဆောက်မည်ကို ကျွမ်းကျင်ပညာရှင်များအဖွဲ့က စိစစ်လေ့လာ၍ ဧရာဝတီမြစ်ရေကို အကျိုးရှိရှိ အထိရောက်ဆုံးသုံးနိုင်အောင်၊ ဧရာဝတီရေရှည်တည်တံ့အောင် မြစ်ကြောင်းဖွံ့ဖြိုးရေးစီမံကိန်းများကို ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်သင့်ကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် နိုင်ငံခြားအကူအညီ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ရရှိအောင် ကြိုးစားသင့်ကြောင်း၊ ဘက်စုံအကျိုးရှိသည့် စီမံကိန်းကြီးများဖြင့် ဧရာဝတီကို ကျေးဇူးဆပ်ကြပါစို့ဟု တိုက်တွန်းလိုကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း**ဖြင့် ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **တမံကြီးများတည်ဆောက်ခဲ့လျှင် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးထိခိုက်ခြင်းမရှိအောင်၊ လူမှုဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိအောင် ငလျင်လှုပ်ခြင်း၊ စံချိန်လွန်မိုးရွာသွန်းခြင်းစသည့် သဘာဝဘေးအန္တရာယ်များကျရောက်သည့်အခါတွင် ထိခိုက်နိုင်မှုအခြေအနေကို အဆိုးဆုံးတွက်ချက်ဆောင်ရွက်ထားပြီး တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကို အဓိကထားဆောင်ရွက်ပေးရန်၊ ပြင်ပပညာရှင်အဖွဲ့ အစည်းများအပါအဝင် ပညာရပ်ဆိုင်ရာလေ့လာမှုကို ဆောင်ရွက်ပေးရန်၊ ဆောင်ရွက်ချက်များကိုလည်း အစီရင်ခံစာပြုစုထုတ်ပြန်ပေးရန်၊ အထူးသဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကိုအလေးအနက်ထားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အရာရာကိုချင့်ချိန်ဆောင်ရွက်ပေးစေလိုပါကြောင်း**ဖြင့် ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က ဧရာဝတီကို ချစ်သည့် ပြည်သူများအကြား၌ ရေသယံဇာတများကို အသုံးချနိုင်ရန် တမံကြီးများ တည်ဆောက်လိုက်ပါက ဧရာဝတီမြစ်ကြီး ကောသွားမည်ကို စိုးရိမ်ပူပန်မှုများ ရှိနေကြပါကြောင်း၊ ယင်းပူပန်မှုများကို ဖြေဖျောက်ပေးရန် လိုအပ်ပါကြောင်း၊ ယခုအခါ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ တန်ဖိုးရှိသည့်ရေချိုများကို ရေထိန်းတမံအဖြစ် ထိန်းသိမ်းပြီး ရေကြောင်းသွားလာရေးအတွက် လိုအပ်သည့်ရေများ ထုတ်ပေးနေခြင်းဖြင့် ရေကြောင်းသွားလာရေးအတွက် အထောက်အကူပြုသကဲ့သို့ မြစ်ကြောင်းလည်း မတိမ်ကောတော့ဘူးဆိုသည်ကို သိရပါကြောင်း၊ ဧရာဝတီမြစ်ကြီးကိုလည်း ယင်းသို့ ဒီဇိုင်း (Design)မျိုးဖြင့် ရေထိန်းတမံများတည်ဆောက်ပေးလျှင် နိုင်ငံတော်အတွက် အဖိုးတန်သည့်ရေချိုများ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည့်အတွက် ရေကြောင်းသွားလာရေး၊ စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အသုံးချနိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ စုစည်းပေါင်းစပ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တည်ဆောက်မည့် ရေထိန်း တမံများ၏ ဒီဇိုင်းပုံစံများနှင့် ရေထိန်းတမံတည်ဆောက်ရန် နေရာရွေးချယ်မှုများကို အထူးအလေးထားဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက အဆိုသည် အမှန်တကယ် ဖြစ်သင့် မဖြစ်သင့် မြစ်ကြောင်းထိန်းသိမ်းရေးပညာတွင်ထင်ရှားသည့် ပြည်တွင်းပြည်ပ ပညာရှင်အဖွဲ့များနှင့် လေ့လာခြင်း ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြင့် ထာဝစဉ်တည်တံ့အောင် ဆောင်ရွက်ရမည်မှာ မိမိတို့နှင့်မျိုးဆက်သစ်များ၏ တာဝန်ပင်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက လေ့လာထိန်းသိမ်းခြင်း လုပ်ငန်းများကို အဓိကထား တာဝန်ယူလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း အဆိုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဦးစိုးမြင့်၏ အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသော မြစ်ကြီးများသာမက ယင်းတို့၏ မြစ်လက်တက်များ၊ မြစ်ငယ်၊ ချောင်းငယ်များပါ တည်ရှိသဖြင့်ရေသယံဇာတကြွယ်ဝသော နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသ ရခိုင်နှင့်တနင်္သာရီကမ်းရိုးတန်းဒေသများတွင်လည်း ငဝန်မြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မေယုမြစ်၊ အတ္တရံမြစ်၊ ဂျိုင်းမြစ်၊ တနင်္သာရီမြစ်၊ ထားဝယ်မြစ်စသော မြစ်များ တည်ရှိပါကြောင်း။

**မြန်မာနိုင်ငံဧရိယာ၏ သုံးပုံနှစ်ပုံမှာ အပူပိုင်းဇုန်အတွင်း ကျရောက်နေပြီး ကျန်သုံးပုံတစ်ပုံမှာ သမပိုင်းဇုန်အတွင်း ကျရောက်နေပါကြောင်း၊ မြန်မာနိုင်ငံသည် အာရှမုတ်သုံဇုန်အတွင်းတည်ရှိသဖြင့် မြစ်များသည် မုတ်သုံရာသီကို အမှီပြုနေရပါကြောင်း၊ နှစ်စဉ်မေလမှ အောက်တိုဘာအတွင်း မိုးရွာသွန်းမှုသည် တစ်နှစ်လုံး မိုးရွာသွန်းမှု၏ (၉၀)ရာခိုင်နှုန်းမှ (၉၅)ရာခိုင်နှုန်းရှိပြီး ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် မိုးရေချိန်အများဆုံးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ မြစ်ကြီးများတွင် မေလနှင့်ဇွန်လများ၌ မြစ်ရေစတင်မြင့်တက်လေ့ရှိပြီး ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အမြင့်ဆုံးသို့ရောက်ရှိကာ အောက်တိုဘာလတွင် မြစ်ရေပြန်လည်ကျဆင်းလေ့ရှိပါကြောင်း၊ ဖြစ်ပေါ်နေသော ရေမြေသဘာဝ ကွဲပြားခြားနားမှုများအလိုက် ၂၀၁၀ ပြည့်နှစ်တွင် စာရင်းကောက်ခံခဲ့သည့် မှတ်တမ်းများအရ တစ်နိုင်ငံလုံး တစ်နှစ်အတွင်းရွာသွန်းခဲ့သော ပျမ်းမျှမိုးရေချိန်လက်မမှာ အနည်းဆုံး ပခုက္ကူမြို့နယ် (၂၉ ဒသမ ၀၂) လက်မ၊ အများဆုံး ကျောက်ဖြူမြို့နယ် (၁၇၈ ဒသမ ၂၃) လက်မရှိပါကြောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ (၁၀)နှစ်တာကာလ မှတ်တမ်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် တစ်နှစ်ရွာသွန်းခဲ့သော ပျမ်းမျှမိုးရေချိန်သည် (၉၆)လက်မရှိပြီး ရရှိခဲ့သောမိုးရေထုထည် ပမာဏသည် ကုဗပေသန်းပေါင်း (၅၈)သန်းခန့် ဖြစ်ပါကြောင်း။**

တစ်နှစ်အတွင်း တစ်နိုင်ငံလုံးရရှိခဲ့သော မိုးရေထုထည် ကုဗပေသန်းပေါင်း (၅၈)သန်းခန့်အနက် သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဧရာဝတီမြစ်၊ ငဝန်မြစ်နှင့် ရခိုင်ပြည်နယ်ရှိမြစ်များမှတစ်ဆင့် မုတ္တမပင်လယ်အတွင်းသို့ စီးဝင်သောရေထုထည် ပမာဏမှာ ကုဗပေသန်းပေါင်း (၂၂)သန်းခန့် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းရေထုထည်သည် တစ်နိုင်ငံလုံးရရှိသည့် မိုးရေပမာဏ (၃၈)ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ကျန်ရေထုထည်၏ (၆၂)ရာခိုင်နှုန်း၊ ကုဗပေသန်းပေါင်း (၃၆)သန်းခန့်သည် အငွေ့ပျံခြင်း၊ မြေထုအတွင်းသို့ စိမ့်ဝင်ခြင်းများဖြစ်ပေါ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ ရာသီဥတုအပေါ်မူတည်၍ မြစ်များတွင် ရေများချိန်နှင့် ရေနည်းချိန်ဟူ၍ ဖြစ်ပေါ် လျက်ရှိပါကြောင်း၊ ဧရာဝတီမြစ်၏ ရေများချိန် ပျမ်းမျှရေထုထည်စီးနှုန်းမှာ (၄၀၃၉၃)ကုဗမီတာ/စက္ကန့်ခန့် ဖြစ်ပြီး ရေနည်းချိန် ပျမ်းမျှရေထုထည်စီးနှုန်းမှာ (၂၁၀၂)ကုဗမီတာ/စက္ကန့် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရေများချိန်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိပြီး ရေနည်းရာသီတွင် ရေအနက်မလုံလောက်သဖြင့် ရေယာဉ်များသွားလာရန် ခက်ခဲသော နေရာများလည်းရှိပါကြောင်း၊ နွေရာသီတွင် ရေအနက် လုံလောက်စွာမရရှိသော ရေလမ်းကြောင်းများတွင် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပေးရပါကြောင်း။

မြစ်များပျက်စီးရသည့်အကြောင်းအရင်းမှာ သဘာဝဖြစ်စဉ်များနှင့် လူတို့၏ ဖန်တီးလုပ်ဆောင်မှုများကြောင့် ဖြစ်ပါကြောင်း၊ ရေမြှာပေါက်များရှိခြင်း၊ ရေနည်းချိန်တွင် ရေအနက်မလုံလောက်ခြင်း၊ ရေများချိန်တွင် ရေလွှမ်းမိုးခြင်းနှင့် ရေတိုက်စားမှုများဖြစ်ပေါ်ခြင်း၊ သဲနုန်းအနည်ပို့ချမှုများဖြစ်ပေါ်ခြင်းတို့မှာ မြစ်များ ပျက်စီးလာမှု၏ လက္ခဏာများဖြစ်ပါကြောင်း။

ဧရာဝတီမြစ်အတွင်း နှစ်စဉ်ပျမ်းမျှကျဆင်းသော သဲနုန်းပမာဏမှာ တန်ချိန် (၂၇၈)သန်းခန့်ဖြစ်ပြီး ချင်းတွင်းမြစ်တွင် တန်ချိန် (၁၃၁)သန်းခန့် ဖြစ်ပါကြောင်း၊ မြစ်အတွင်း ကျဆင်းအနည်ထိုင်သော သဲ၊ နုန်းသောင်များသည် ရေစီးအားကြောင့် မြစ်ညာမှမြစ်ကြေသို့ ရွေ့လျားမှုဖြစ်ပေါ်ကာ မြစ်ကြမ်းပြင်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေပါကြောင်း၊ မြစ်ကြမ်းပြင်ပြောင်းလဲမှုများကြောင့် မြစ်ကြောင်းများအတွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် အကန့်အသတ်များရှိလာခြင်း ဖြစ်ပါကြောင်း။

**နွေရာသီရေနည်းကာလတွင် ဧရာဝတီမြစ်၌ ရေအနက်မလုံလောက်ခြင်းနှင့် ရေနက်ကြောင်း ပြောင်းရွှေ့မှုမြန်ဆန်ခြင်းသည် ရေကြောင်းသွားလာရေးအတွက် အဓိကအခက်အခဲများဖြစ်ပါကြောင်း၊ ယင်း အခက်အခဲများကို ကျော်လွှားနိုင်ရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစ်ကြမ်းပြင်ကို တိုက်စားစေပြီး ရေအနက်ပိုမိုရရှိစေမည့် Bed Regulation မြစ်ကြောင်းထိန်းသိမ်းရေး အခြေခံနည်းစနစ်ကို အသုံးပြုဆောင်ရွက်လျက်ရှိပါကြောင်း။**

မြန်မာတစ်ပြည်လုံးတွင် ရရှိသောမိုးရေ၏ (၃၈)ရာခိုင်နှုန်းခန့်သည် ပင်လယ်ထဲသို့ စီးဆင်းသောကြောင့် ၎င်းရေကို အလဟဿမဆုံးရှုံးစေဘဲ သိုလှောင်ထားနိုင်သည့် ဆည်စီမံကိန်းသည် အကျိုးရှိပါကြောင်း၊ သို့ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့် ရေဝေရေလဲဧရိယာ (Catchment Area) အား ထိခိုက်မှုများရှိပါက မြစ်ထဲသို့ရေစီးဝင်မှု လျော့နည်းနိုင်ပါကြောင်း။

**နိုင်ငံအတွက် များစွာအကျိုးပြုလျက်ရှိသော မြစ်ကြီးများ၌ မိုးရာသီကာလတွင် ရေကြီးရေလျှံခြင်း (Flood) နှင့် နွေရာသီရေနည်းကာလ၌ ရေနည်းပါးခြင်း (Drought) စသည့် သဘာဝလွန်ဖြစ်ရပ်များ ခံစားကြုံတွေ့နေရပါကြောင်း၊ သို့ဖြစ်ရာ မြစ်ကြောင်းတစ်လျှောက်လိုအပ်သောနေရာများတွင် ရေထိန်း တမံအနိမ့် (Low Head Dam)များ အဆင့်ဆင့်တည်ဆောက်ခြင်းဖြင့် ရေစီးဆင်းမှုကိုထိန်းချုပ်ဆောင်ရွက်နိုင်ပြီး Regular Flow ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ရေများချိန် ဇွန်လမှ ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများလျော့နည်းစေနိုင်ပြီး ရေတိုက်စားကမ်းပြိုမှု သက်သာစေမည်ဖြစ်ပါကြောင်း၊ ရေနည်းချိန်တွင်လည်း ရေကြောင်းသွားလာမှု အတွက် လိုအပ်သောရေအနက် တိုးတက်ရရှိစေမည်ဖြစ်ပါကြောင်း။**

မြစ်ကြောင်းပေါ်တွင် ဆည်တည်ဆောက်၍ မြစ်ရေထုထည်ကိုထိန်းချုပ်သည့် စနစ်များသည် ဆောင်ရွက်ရသည့် အခင်းအကျင်းကြီးမားပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏများပြားသကဲ့သို့ အကျိုးကျေးဇူးလည်း များပါကြောင်း၊ ယင်း၏အကျိုးကျေးဇူးကို ရေကြောင်းသွားလာရေးတွင် ခံစားရရှိရေးမှာ မြစ်ကြောင်းအား အခြေခံ ထိန်းသိမ်းနည်းစနစ်ဖြစ်သော Bed Regulation ဖြင့်ဆောင်ရွက်ရန်ရှိသည်တို့ကို လိုအပ်သော မြစ်ကြောင်းပိုင်းအလိုက် ကနဦးကပင် ကြိုတင်ထိန်းသိမ်း ဆောင်ရွက်ထားရန် အဓိကလိုအပ်ပါကြောင်း။

**သို့ဖြစ်၍ လိုအပ်သည့်နေရာများတွင် ရေထိန်းတမံအနိမ့်များ တည်ဆောက်ခြင်းကြောင့် ရရှိနိုင်မည့်ရလဒ်များနှင့် ဘေးထွက်အကျိုးတရားများအား ပြည်တွင်း ပြည်ပကျွမ်းကျင်မှု အကူအညီများရယူ၍ ဖြစ်မြောက်နိုင်မှုအခြေအနေလေ့လာခြင်း စနစ်တကျပြုလုပ်ပြီး ဆောင်ရွက်သင့်သောအစီအမံများ ဖြစ်ပါကြောင်း၊ တမံများတည်ဆောက်၍ ရေအရင်းအမြစ်များ ထိန်းသိမ်းမည့်စီမံကိန်းများသည် Integrated Water Resources Management ဖြစ်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ ဆည်ရေအတွင်းစိုက်ပျိုးခြင်း၊ သောက်သုံးရေသိုလှောင်ဖြန့်ဖြူးခြင်း၊ ရေကြောင်းသွားလာရေးတို့ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နိုင်မည့် ဘက်စုံစီမံကိန်းများ ဖြစ်ပါကြောင်း။**

ယင်းစီမံကိန်းကြီးများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးအတွက် Physical Model နှင့် Numerical Model များတည်ဆောက်၍ ကြိုတင်လေ့လာဆောင်ရွက်ပြီး လုံခြုံစိတ်ချရသော ဒီဇိုင်းရရှိနိုင်ရန် ဆောင်ရွက်သင့်ပါကြောင်း၊ အချုပ်အားဖြင့် ဧရာဝတီမြစ်ရှင်သန်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ရေထိန်းတမံကြီးများတည်ဆောက်ခြင်းနှင့် ရေလမ်းကြောင်း ထိန်းသိမ်းရေး စီမံကိန်းများအား နိုင်ငံတော်အကျိုးစီးပွားအတွက် ရေရှည်စီမံချက်များချမှတ်ကာ စနစ်တကျ ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

ဦးစိုးမြင့်တင်သွင်းသည့် **ဧရာဝတီမြစ်ကြီးရှင်သန်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ရေထိန်းတမံကြီးများတည်ဆောက်ရန်နှင့် မြစ်အောက်ပိုင်းတွင် ရေလမ်းကြောင်းထိန်းသိမ်းရေး စီမံကိန်းများ ထည့်သွင်းဆောင်ရွက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံသည့်ကိုယ်စားလှယ်ဦးရေများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Takeo Nishioka အသက် ၇၅ နှစ်သည် Pneumonia ရောဂါဖြင့် ၅-၁၁-၂၀၁၁ ရက် (စနေနေ့)နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ရန် လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယနေ့ အစည်းအဝေးကို ညနေ ၅ နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

## ဆင်ပေါင်ဝဲမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ဆင်ပေါင်ဝဲမြို့နယ်အသင်း(ရန်ကုန်)၏ (၄၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ထူးချွန်သူများ ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၁၉ရက် (စနေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ်ရှိ နေနတ်သားစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ၎င်းရက်မတိုင်မီ အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွားများ၏ အမည်စာရင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း အခြေခံပညာ အထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် သက်ဆိုင်ရာကျောင်း ထောက်ခံချက်များနှင့် ဦးကြည်သိန်း ဖုန်း-၅၃၇၂၅၆၊ ၀၉-၇၃၁၅၁၃၀၈၊ ဦးသိန်းနိုင် ဖုန်း-၅၃၆၃၆၁၊ ၅၆၂၇၄၂တို့သို့ ဆက်သွယ်ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)




## ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

**ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(သတ္တမနေ့)အား နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် ၇၄ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသော မေးခွန်း(၃၄)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့က အသီးသီး ဖြေကြားပြီး အစည်းအဝေးအား မွန်းလွဲ ၂နာရီခွဲတွင် ရပ်နားလိုက်သည်။

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၆ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း (၁၈)ခုကို မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အဆို(၄) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့ ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(ဆဋ္ဌမနေ့)ကို နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၉ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၂၅)ခုကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ၉-၁၁-၂၀၁၁ ရက်နေ့ အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က တင်ပြသော ရက်(၁၀၀) ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက် အစီရင်ခံစာအပေါ် လွှတ်တော် ကိုယ်စားလှယ်များက ထောက်ခံခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်းနှင့် အဆို(၂)ခုကို တင်သွင်းခြင်းတို့ ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(သတ္တမနေ့) ကျင်းပစဉ်။ (သတင်းစဉ်)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၆

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ ပြည်ထဲရေးရာနှင့် ဥပဒေရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Bai Jingfu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညို၍ အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ် လှူဒါန်းပြီး ဓည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။**

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက မွန်းတည့် ၁၂ နာရီတွင် ဆီဒိုးနားဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

### ပြန်လည်ထွက်ခွာ

အဆိုပါ နေ့လယ်စာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာတို့ တက်ရောက်ကြသည်။ ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)



## မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့်အရှည်ဆုံးဖြစ်လာမည့် ဧရာဝတီတံတား(ပခုက္ကူ) အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်သည့် အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

**ဧရာဝတီတံတား(ပခုက္ကူ) သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့်မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတား အမျိုးအစားမှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်သည်။ ပင်မတံတား အရှည် ၁၁၄၃၁ ပေ၊ ကားလမ်း တံတား အရှည်စုစုပေါင်း ၁၃၅၃၇ ပေ၊ မီးရထားလမ်း တံတားအရှည် စုစုပေါင်း ၂၀၅၉၇ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၃ လက်မ၊ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ အမြင့် ၅၂ ပေ ရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ရှိသည်။**

ဧရာဝတီတံတား(ပခုက္ကူ)၏ အခန်းဖွင့်ဖွဲ့စည်းပုံမှာ မီတာ ၁၂၀ အရှည် ၂၃ ခန်း၊ မီတာ ၁၀၀ အရှည် ၇ ခန်း၊ စုစုပေါင်း သံပေါင် အခန်း ၃၀ ခန်းပါရှိပြီး ၎င်းတံတားကြီးပြီးစီးသွားပါက မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး တံတားများအနက် အကြီးဆုံးနှင့်အရှည်ဆုံး တံတားကြီးတစ်စင်း ဖြစ်လာမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်နေသော အဆိုပါ ဧရာဝတီတံတား (ပခုက္ကူ) အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်သည့်အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် လက်ပံခြေပေါ်ဘက်ကမ်း တံတားပေါ်ရှိ မင်္ဂလာမဏ္ဍပ်နှင့် ပခုက္ကူဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်တို့၌ တစ်ဆက်တည်း ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့များ၊ ဆင်အကအဖွဲ့များ၊ ပုဂံအကအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်မည့် လက်ပံခြေပေါ်ဘက်ကမ်း ရေလယ်တိုင် (RP-15) နှင့် (RP-16) ကြားရှိ သံပေါင်အခန်း၌ မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်မြင့်၊ ဦးအောင်မင်းနှင့် ဦးဇော်မင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဒုတိယဝန်ကြီး ဦးကျော်လွင်တို့က အပြီးသတ်သံပေါင်ရွှေမှုလီများကို တပ်ဆင်ပေးကြသည်။

### အခမ်းအနား တက်ရောက်

**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့ ဧရာဝတီတံတား (ပခုက္ကူ) ပေါ်၌ အပြီးသတ် သံပေါင်ရွှေမှုလီ တပ်ဆင်သည့် အခမ်းအနားသို့ တက်ရောက်ကြစဉ်။**

(သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းတွင် အင်တိုက် အားတိုက် ဆောင်ရွက်ခဲ့သော အင်ဂျင်နီယာဝန်ထမ်းများ၊ ကျွမ်းကျင်လုပ်သားအဖွဲ့များနှင့် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးသော ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လက်ပံခြေပေါ်ဘက်ကမ်းမှ RGC မင်္ဂလာရထားဖြင့် ပခုက္ကူဘက်ကမ်း တံတားပေါ်ရှိ မင်္ဂလာမဏ္ဍပ်သို့ သွားရောက်ကြပြီး ပခုက္ကူဘက်ကမ်းရှိ အပြီးသတ်သံပေါင်ရွှေမှုလီများကို တပ်ဆင်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က သံပေါင်တပ်ခြင်းလုပ်ငန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ကြသော အင်ဂျင်နီယာဝန်ထမ်းများ၊ ကျွမ်းကျင်လုပ်သားအဖွဲ့များနှင့် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးသော ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေဆုရယူပေးခဲ့သော မြားပစ်အားကစားမယ် အောင်ငိုမ်းအား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူး)နှင့် အတူတွေ့ရစဉ်။**

**❍ မြန်မာနိုင်ငံအတွက်မှ**

အနိုင်ရရှိလိုက်ကာ မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ တတိယဆုကို အင်ဒိုနီးရှားက ရရှိသွားသည်။

ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး မာရသွန်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ နီလာစန်းက ဒုတိယငွေတံဆိပ်ဆု၊ အင်ဒိုနီးရှားနိုင်ငံက ပထမဆု၊ ဗီယက်နမ်နိုင်ငံက တတိယဆု၊ အမျိုးသမီးနှစ်ယောက်တွဲ လှေလှော် W2 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေဇင်လတ်နှင့် သန်းသန်းနွယ်တို့က ဒုတိယငွေတံဆိပ်ဆု၊ ဗီယက်နမ်နိုင်ငံက ပထမဆုနှင့် စင်ကာပူနိုင်ငံက တတိယဆု၊ အမျိုးသားလှေလှော် M1X ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ကိုမင်းက တတိယကြေးတံဆိပ်ဆု၊ ဖိလစ်ပိုင်နိုင်ငံက ပထမဆုနှင့် ထိုင်းနိုင်ငံက ဒုတိယဆု၊ Asean Chess စစ်တုရင် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်းဇော်ထွန်းက ဒုတိယငွေတံဆိပ်ဆု၊ ထိုင်းနိုင်ငံက ပထမဆုနှင့် ဗီယက်နမ်နိုင်ငံက တတိယဆုတို့ ဆွတ်ခူးရရှိကြသည်။

နိုဝင်ဘာ ၁၅ ရက်က ပန်ကြပ်ဆီလတ်သိုင်းပြိုင်ပွဲ အမျိုးသမီး (၆၅-၇၀)Kg ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ဟေမာဦးက တတိယဆုကို ဗီယက်နမ်နိုင်ငံနှင့် ပူးတွဲရရှိပြီး (၇၀-၇၅)Kg ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ သင်းမြတ်အေးက တတိယဆုကို မလေးရှားနိုင်ငံနှင့် ပူးတွဲရရှိခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်တွင် မြန်မာအားကစားအဖွဲ့သည် ရွှေတစ်ခု၊ ငွေသုံးခုနှင့် ကြေးတစ်ခုဆွတ်ခူးရရှိခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက် ညနေ ၄ နာရီခွဲအထိ မြန်မာအားကစားအဖွဲ့က ရွှေတစ်ခု၊ ငွေ ၁၂ ခုနှင့် ကြေး ၁၆ ခု စုစုပေါင်း ၂၉ ဆု ဆွတ်ခူးရရှိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**Asean Chess ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးရရှိသော ဝင်းဇော်ထွန်း။**



**အမျိုးသမီး မာရသွန်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးရရှိသော နီလာစန်း။**





**အမျိုးသမီးနှစ်ယောက်တွဲ လှေလှော် W2 ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ် ဆွတ်ခူးရရှိသော သန်းသန်းနွယ်နှင့် ရွှေဇင်လတ်။**

## တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးအောင်မျိုးသန့် (Director) (စံပြ-ရွှေငါး)သည် နိုဝင်ဘာ ၈ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် ကစားဖော်များဖြစ်ကြသော ဦးထွန်းဝင်း(အာဝါး)၊ ဦးချစ်ကို၊ ဦးအောင်သိန်း၊ ဦးခင်ဝင်း၊ ဦးကောင်းထက်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Taylor Made PENTA No(5) ဘောလုံးကို SRIXON GIE No (6) တုတ်ဖြင့် ရိုက်လိုက်ရာ (၁၅၅)ကိုက်အကွာရှိ ကျင်းအမှတ်(၄)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၁၁-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ကုသိုလ်(၃)မျိုး" တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၆း၃၀ မြစ်သားမြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၈)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၃)**
၈း၄၀ အရုဏ်ဦးမှာ အလှူမင်္ဂလာ. . . "မိုလ်ဘိုင်း" ဆွမ်းလောင်းအသင်းပါ
၈း၅၀ Activities In The City
၉း၁၀ Intellectual Talk
၁၀း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "သံယောဇဉ်နဲ့အချစ်၂၀၂၈"
၁၀း၁၅ Eternal Life စာပေဟောပြောပွဲ (ဒေါက်တာစိုးလွင်) "အိပ်မက်ကမ္ဘာသို့သွားရာလမ်း"
၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၀ The Champion of Dance
၁၁း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂)**
၁၂း၃၅ မန်းမြေမှ ရွှေဘုံသာစေတီတော်မြတ်ရွှေထီးတော်တင်လှူပွဲ
၁း၀၀ "ကုသိုလ်(၃)မျိုး" တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ပညာဝရ)
၁း၄၅ မြစ်သားမြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol
၃း၀၀ Activities In The City
၃း၁၀ မြတ်ဆရာပူဇော်ကန်တော့ပန်း အထက(၂)ဗဟန်း
၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၈)**
၄း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၃)**
၅း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂)**
၅း၄၅ ဝက်ခြံနှင့် အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေးခန်း (ဆယ်ကျော်သက်ကဏ္ဍ)
၆း၀၀ MRTV-4 သတင်း
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၉)**
၇း၀၀ မြန်မာပြည်သိန်းတန် "နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ဖြေပွဲ" (Part-1)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၄)**
၉း၅၅ Style ရှိမှ Star ဖြစ်မယ်
၁၀း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃)**
၁၁း၂၀ အနုပညာမိုးကောင်းကင်
၁၁း၄၀ အားကစားမြင်ကွင်းစုံ
၁၂း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ
၁၂း၂၀ ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်လွင်)
၁၂း၃၅ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၁၂း၅၅ "တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ"
၁း၁၀ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ
၁း၃၀ လက်ဝယ်ရှိသော
၁း၄၀ အလျှော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၁း၅၀ နယ်ဉ်ဆန်းထွင်ပန်းအလှဆင်
၂း၁၅ အောင်မြင်သူတို့ဘဝ
၂း၄၀ လှပသစ်ဆန်းအလှပြင်ခန်း
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ အဘိုးအဘွားများ အေးချမ်းစွာနားခိုရာ ချမ်းမြေ့သာယာစံတော်သာ
၄း၃၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၄း၅၀ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ် ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
၅း၀၀ အစီအစဉ်ပြီး။

## ဘိုကလေးမြို့ အထက(၁) အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ အထက(၁)၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့) ညနေ ၃ နာရီတွင် အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက်တွင် မြို့မဆွမ်းလောင်းဓမ္မာရုံကြီး၌ ဆွမ်းလောင်းလှူမည်ဖြစ်ရာ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ဦးစောဝေ (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၀၈၇၀၅ (ဘိုကလေးမြို့နယ်အသင်း၊ ရန်ကုန်)၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၀၅၈၀၆၊ ဦးခင်ထွန်း ဖုန်း-၀၉-၄၉၇၀၃၇၇၀၊ ဦးလှသန်းဦး ဖုန်း-၀၉-၈၅၉၅၁၀၉၊ ၀၄၅-၄၅၃၉၅ နှင့် ဦးတင်မောင်ပြုံး ဖုန်း-၀၉-၈၅၉၅၆၃၉၊ ၀၄၅-၄၅၂၂၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် (ဘိုကလေးမြို့နယ်အသင်း) ရန်ကုန်မှ ဇန်နဝါရီ ၆ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ကားများ ထွက်မည်ဖြစ်၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက် နောက်ဆုံးထားပြီး ဖုန်း-၀၁-၂၁၂၅၀၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

## တောင်တွင်းကြီး၌ ကုလားပဲစိုက်ပျိုးချိန် ကုလားပဲမျိုးစေ့ ဈေးကောင်း

**တောင်တွင်းကြီး နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နိုဝင်ဘာ ဒုတိယပတ်မှစ၍ ကောက်ကြီးစပါးများကို တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြွေလှေ့ကြပြီး ဈေးကွက်သို့ တင်ပို့ရောင်းချ၍ မိုးစပါးရိတ်သိမ်းပြီး လယ်ကွင်းများ၌ ကုလားပဲများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန် ကုလားပဲမျိုးစေ့များကို တောင်သူများ အပြိုင်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ တောင်သူများ မိုးစပါးရိတ်သိမ်းပြီး ဆောင်းသီးနှံအဖြစ် ကုလားပဲစိုက်ပျိုးမှု ယခင်နှစ်ကထက် များပြားလာသဖြင့် ကုလားပဲမျိုးစေ့တစ်တင်းလျှင် ကျပ်တစ်သောင်းခွဲမှ ကျပ်တစ်သောင်းခြောက်ထောင်အထိ ဝယ်ယူစိုက်ပျိုးရကြောင်း ပုဂံကုန်းကျေးရွာ တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

အောက်တိုဘာ ဒုတိယပတ်က ကုလားပဲတစ်တင်းလျှင် ကျပ်တစ်သောင်းတစ်ထောင်သာ ရောင်းချရကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးကုန်သည်တစ်ဦး၏ ပြောပြချက်အရ သိရသည်။ (၅၈၀)

# ပြည်သူ့လွှတ်တော် အစည်းအဝေး (၄၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်သင့်ကြောင်းအဆိုကို ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၆

**ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေး (၄၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၆၉)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ အဆို(၁)ခုဆွေးနွေးခြင်း၊ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခြင်း၊ ကော်မရှင်ပြင်ဆင်ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍တင်ပြခြင်းနှင့် ဥပဒေကြမ်း(၁)ခုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အဆိုဆွေးနွေးခြင်းကဏ္ဍ**၌ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **လျှပ်စစ်ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်သင့်ကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားကို ၁၉၀၈ ခုနှစ်တွင် မိုးကုတ်မြို့ရှိ Burma Ruby Mine မှစတင်အသုံးပြုခဲ့ပြီး ၁၉၁၀ ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် The Electricity Act (၁၉၁၀) ကို ထုတ်ပြန်ခဲ့ပြီး The Electricity Rules ကို ၁၉၃၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(၁)ဖွဲ့ ဖွဲ့စည်းရန်လိုအပ်သည့်အတွက် ၁၉၄၈ ခုနှစ် လျှပ်စစ်ဓာတ်အားပေးရေး အက်ဥပဒေရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၁၉၈၄ခုနှစ်တွင် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်(၇)ဖြင့် လျှပ်စစ်ဥပဒေကို ပြဋ္ဌာန်းကာ ၁၉၈၅ ခုနှစ် လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍



**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော် အစည်းအဝေး (၄၈)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# အမျိုးသားလွှတ်တော် အစည်းအဝေး (၄၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# လယ်ယာမြေဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူ

နေပြည်တော် နိုဝင်ဘာ ၁၆

**ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၄)ဦးတို့ တက်ရောက်ကြသည်။**



**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော် အစည်းအဝေး (၄၇)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

ယနေ့ အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခု အဆုံးအဖြတ်ရယူခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဥပဒေကြမ်းအဆုံးအဖြတ်ရယူခြင်းကဏ္ဍ**တွင် ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော **လယ်ယာမြေဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြပြီး ယင်းအကြံပြုဆွေးနွေးချက်များကို လွှတ်တော်၏တာဝန်ပေးချက်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများအားဖိတ်ကြား၍ ထပ်မံကြားနာလေ့လာစိစစ်ခဲ့ပြီး ထပ်မံစိစစ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ဖတ်ကြားရှင်းလင်းသည်။

ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော **လယ်ယာမြေဥပဒေကြမ်း**အား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ဥပဒေကြမ်းကော်မတီ၏ အခန်း(၁)၊ အပိုဒ် ၂(က)တွင် **"လယ်ယာမြေဆိုသည်မှာ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများနှင့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း နှစ်ရှည်ပင်စိုက်ပျိုးသော မြေ၊ ဓနိ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ သတ်မှတ်သည့်မြေများ မြေနုကျွန်းဟု** **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ယ နေ့ သ တ င်း အ ညွှ န်း


**ပုဂ္ဂလိကပညာရေးကဏ္ဍ၌ အခြေခံပညာအဆင့်မှ တက္ကသိုလ်အဆင့်အထိ အရှိန်အဟုန်ကောင်းများဖြင့် ပို့ချလာ**

ပြည်တွင်းသတင်း စာမျက်နှာ - ၂

**လာအိုနိုင်ငံ၌ ရေလွှမ်းမိုးမှုများကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အလှူငွေပေးအပ်**

ပြည်တွင်းသတင်း စာမျက်နှာ - ၄

**ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများ ကျင်းပ**

ပြည်တွင်းသတင်း စာမျက်နှာ - ၉